ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်၊ တနင်္လာနေ့ (18-10-2010) (၆၅၅၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယခုအချိန်တွင် ခေတ်မီစက်မှုနိုင်ငံတစ်နိုင်ငံ၏ အစခရီးကို စတင်လျှောက်လှမ်းနိုင်ခဲ့ပြီး ဆက်လက်တိုးတက်ဖွံ့ဖြိုးလာမည့် အလားအလာကောင်းများကို ပိုင်ဆိုင်နေပြီဖြစ်သဖြင့် အနာဂတ်တွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံတော်အဖြစ် မလွဲမသွေ ရောက်ရှိတော့မည်

နေပြည်တော် အောက်တိုဘာ ၁၇

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရတနာပုံနည်းပညာမြို့သစ်၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသော နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)နှင့် ရတနာပုံအင်တာနက်အိတ်ချိန်းသစ် ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ချီးမြှင့်၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

အဆိုပါ ဖွင့်ပွဲအခမ်းအနားများသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး၊ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)မှ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရတနာပုံနည်းပညာမြို့သစ်၌ ရင်းနှီးမြှုပ်နှံကြသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ☆

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရတနာပုံဆိုင်ဘာခန်းမရှေ့၌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာသုတေသနဌာန(ပြင်ဦးလွင်) ပြခန်းများအတွင်း ပြသထားသည်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror
၁၈-၁၀-၂၀၁၀
(တနင်္လာနေ့)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စွမ်းအားပြည့်ကြိုးပမ်း

မူးယစ်ဆေးဝါးပြဿနာသည် လူသားတိုင်း၏ ပြဿနာဖြစ်သည်။ ကမ္ဘာတစ်ဝန်း၌ မူးယစ်ဆေးဝါးများ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ပျံ့နှံ့သုံးစွဲမှုများ ဖြစ်ပေါ်လျက်ရှိရာ ဒေသမရွေး၊ ဆင်းရဲချမ်းသာမရွေး အန္တရာယ်ကြီးမားလှသော ခြိမ်းခြောက်မှုတစ်ခုပင်။

အထူးသဖြင့် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးများ ပျံ့နှံ့သုံးစွဲလျက်ရှိသည်။မူးယစ်ဆေးဝါးနှင့် ဆက်စပ်နေသော လူမှုပတ်ဝန်းကျင်ကို ထိခိုက်ရိုက်ခတ်နေသဖြင့် နိုင်ငံတိုင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အလေးထား လုပ်ဆောင်နေကြပေပြီ။

ဘိန်း၊ ဘိန်းဖြူ၊ ဘိန်းဆီ၊ ဆေးခြောက် စသည့်မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများကို အခြေခံထုတ်လုပ်ထားသော စိတ်ကြွရူးသွပ်ဆေးပြား သုံးစွဲမှုများ ကမ္ဘာတစ်ဝန်း၌ ကျယ်ပြန့်လာလျက်ရှိသည်။ သက်ဆိုင်သူများ၏ စီးပွားရေး၊ လူမှုရေးများ ထိခိုက်စေပြီး ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာနိုင်ငံအလိုက်သာမက ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ ပူးပေါင်း၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် ခံယူ၍ စွမ်းအားပြည့် ကြိုးပမ်းနေသည်။ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ စီမံကိန်းကာလသတ်မှတ်၍ အကောင်အထည်ဖော်နေသည်။ နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများ ခရီးရောက် အောင်မြင်မှုရရှိနေသည်ကို တွေ့ရသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုများသည် ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်မှုများနှင့် ဆက်စပ်လျက်ရှိရာ မူးယစ်ဆေးဝါး ရောင်းဝယ်မှုများကို အရှိန်အဟုန်ဖြင့် တားဆီးနှိမ်နင်းနေသည်။ ၂၀၁၀ခုနှစ် စက်တင်ဘာလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၀၇ မှု ဖမ်းဆီးနိုင်ခဲ့သည်။ ဘိန်း၊ ဘိန်းဖြူ၊ ဘိန်းဆီခဲ၊ ဆေးခြောက်၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အခြားမူးယစ်ဆေးဝါးပြစ်မှုကျူးလွန်သူ သုံးရာကျော်တို့အား ဥပဒေနှင့်အညီ အရေးယူနိုင်ခဲ့သည်။

မူးယစ်ဆေးဝါးအမျိုးမျိုးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများသည် လူသားများနှင့် လူမှုပတ်ဝန်းကျင်ကို အန္တရာယ်ပြု ခြိမ်းခြောက်နေဆဲဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးက ကောင်းကျိုးမပေးသည့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် ပါဝင်ကူညီကြခြင်းဖြင့် မူးယစ်ဆေးဝါးများ ပပျောက်ကင်းစင်သွားမည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် တံတားမြို့ (၂)ရပ်ကွက် ဘုရင့်နောင်လမ်းနေ ကွယ်လွန်သူ ဦးချန်ထွန်းအား ရည်စူး၍ မိခင် ဒေါ်သန်းစိန်က ထာဝရဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးညီညီလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တွေ့ဆုံ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ဂျပန်နိုင်ငံ ဒီမိုကရက်တစ်ပါတီ အထက်လွှတ်တော်အမတ် Mr. Kazuya SHINBA ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးဌေးဦးအား ဂျပန်နိုင်ငံ ဒီမိုကရက်တစ်ပါတီ အထက်လွှတ်တော်အမတ် လာရောက်တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ဂျပန်နိုင်ငံ ဒီမိုကရက်တစ်ပါတီ အထက်လွှတ်တော်အမတ် Mr. Kazuya SHINBA ဦးဆောင်သော အဖွဲ့ဝင်လေးဦး ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၃ ရက် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်စေရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း နေပြည်တော်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများ လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၇

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းသည် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ရွှေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၁၆ရက် နံနက် ၇ နာရီခွဲတွင် နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၈၀) အခြေခံပညာမူလတန်းကျောင်း၊ ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းတို့သို့ လှည့်လည်သွားရောက်၍ ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း(၅)ရပ် ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေးအတွက် ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံး၌ ပညာရေး ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေးပြက္ခဒိန်ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ၂၀၁၀ ခုနှစ် အောက်တိုဘာ ၁၆ရက်(စနေနေ့)ကို ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေးနေ့အဖြစ် သတ်မှတ်၍ အောက်တိုဘာ ၁၆ ရက်တွင် နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအုပ်ကြီးများ၏ ဦးဆောင်မှုဖြင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကျောင်းအဆောက်အအုံများ၊ စာသင်ခန်းများ၊ ကျောင်းအိမ်သာများသန့်ရှင်းရေး၊ ကျောင်းအဝင်အထွက်လမ်းများ ညီညာပြေပြစ်ရေး၊ သစ်ပင်၊ ပန်းပင်၊ ပန်းခြံနှင့် ကစားကွင်းများ သန့်ရှင်းသာယာလှပ တင့်တယ်ရေး၊ သောက်သုံးရေများ သန့်ရှင်းစွာ သိုလှောင်သုံးစွဲရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေး အစရှိသည့် ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း (၅)ရပ်ကို စုပေါင်းဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်-နေ့လယ်-ည)

၁၈-၁၀-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (ရတနသုတ်)
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	လယ်ယာစီးပွား (သစ်စိမ်းမြေဩဇာအဖြစ်သုံးနိုင်သည့် ပဲလွမ်း၊ ပဲစင်းငုံ၊ နွားစားပဲ) တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	မေတို့တွက်တာအလှကမ္ဘာ (နဂိုကောက်ဆံပင်တွေကို ဂရုစိုက်ထိန်းသိမ်းနိုင်တဲ့ နည်းလမ်းအဆင့်ဆင့်)
၁၁း၂၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	သိပ္ပံပညာသိကောင်းစရာ (သိပ္ပံသတင်းအတိုအထွာ)
၁၁း၄၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန်
၁၂း၁၅	သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၁၂း၂၀	အလုပ်အကိုင်အခွင့်အလမ်း တေးပဒေသာ
၁၂း၄၀	အားကစားသတင်းပဒေသာ နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (မူလတန်းအင်္ဂလိပ်စာ) တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	သန်စွမ်းကျန်းမာကိုယ်ခန္ဓာ (ခန္ဓာကိုယ်အနံ့ဆိုးများ မထွက်ရလေအောင်)
၅း၁၀	ဇာနည်စစ်သည်တေးပန်းချီ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၅	အင်္ဂလိပ်စာသုတပဒေသာ (29) ညနေခင်းတေးပဒေသာ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွေးသီတေးပန်းချီ တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	ရေဒီယိုဇာတ်လမ်းတွဲများ (ဟာမိုနီအချစ်-ဒုတိယပိုင်း) တေးသီချင်း
၇း၄၀	ပြုံးပဒေသာ(ရှယ်နာရီနိုးစက်) နိုင်ငံရေးဦးတည်ချက်
၈း၀၀	ပြည်တွင်းသတင်း
၈း၁၅	နိုင်ငံရေးပါတီများ၏ ဟောပြောချက်များ
၈း၄၀	ချမ်းမြေ့သာယာသီရိဂေဟာ (မိန်းမတို့ဘဝခရီး) စီးပွားရေးဦးတည်ချက်
၉း၀၀	သီချင်းကြီး လူမှုရေးဦးတည်ချက်
၉း၁၅	ခံစားနားဆင်မြန်မာတေးသံစဉ် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

သန်လျင်မြို့နယ် ဗဟိုအခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ ရက်က ကျင်းပရာ စတုတ္ထတန်းတွင် ထူးချွန်ဆုရရှိသော မခင်နှင်းထက်ခိုင်အား ကျောင်းအကျိုးတော်ဆောင် ဒုတိယဥက္ကဋ္ဌ ဦးဘိုကြီး ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

ရေဝတီတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ဦးကျော်ကျော်။

○ ကျောဖုံးမှ

အမှတ်(၁၀)ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြလမ်း ဖြစ်ပြီး အရှည် ၆၈ မိုင် ၇ ဖာလုံကို ၃၀-၄-၂၀၁၀ ရက်နေ့တွင် စတင်ဆောက်ရွက်၍ မြေသားတာပေါင်လုပ်ငန်းများ ဆောင်ရွက်ပြီးခဲ့ကာ လမ်းတွင်ပါဝင်သော တံတားငါးစင်းကို ဆက်လက်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့ဌာန၏ အဓိကတာဝန်ကြီး လေးရပ်ဖြစ်သည့် လမ်း၊ တံတား၊ လေယာဉ်ကွင်း၊ အဆောက်အအုံစသည့် စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် လမ်းပိုင်းအနေဖြင့် ယခင်က ၁၃၆၅၃ မိုင်သာရှိခဲ့ရာမှ ယခုအခါလမ်းမိုင်ပေါင်း ၂၁၃၆၀ မိုင် ၂ ဖာလုံ ရှိလာပြီဖြစ်၍ မိုင်ပေါင်း ၇၇၂၆ မိုင်ကျော်ကို တိုးတက်ဖောက်လုပ်နိုင်ခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး တစ်ခုတည်း၌ စုစုပေါင်း လမ်းမိုင်အရှည် ၁၅၉၀ ကျော်အထိ ဖောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း၊ ၁၉၉၈ မှယနေ့အထိ ပေ ၈၀ နှင့်အထက် တံတား ၃၉ စင်းနှင့် ပေ ၁၈၀ အောက်တံတား ၃၁၂ စင်းတည်ဆောက်ပြီးဖြစ်ကာ ဧရာဝတီတိုင်းဒေသကြီး၏ လမ်းကွန်ရက် ၁၁ သွယ်မှာ တံတားကြီးငယ်ပေါင်း ၅၀၇ စင်းအနက်မှ ၄၅၆ စင်းကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသည့် လမ်းတံတားများကို အရှိန်အဟုန်မြှင့်၍ တည်ဆောက်လျက်ရှိကြောင်းသိရသည်။

ယခုတည်ဆောက်လျက်ရှိသော ပုသိမ်-ငပုတော ကားလမ်းသည် ကန်ကြီးဒေါင့်မြို့နယ်မှ ငပုတောမြို့နယ်သို့ ဆက်သွယ်ထားသောလမ်းဖြစ်သည်။ ကန်ကြီးဒေါင့်မြို့နယ် (ရှမ်းရွာ-ပဒဲကောအပိုင်း)အထိ စည်ပင်လမ်းဖြစ်ပြီး မိုင်တိုင်အမှတ် (၅/၀)မှ မိုင်တိုင်အမှတ်(၁၁/၆)အထိသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကန်ကြီးဒေါင့်မြို့နယ်မှ တာဝန်ယူဆောင်ရွက်သော အပိုင်းဖြစ်သည်။ ကျန်ရှိသည့် မိုင်တိုင်အမှတ်(၁၀/၆) သင်္ကယ်ချောင်းမြစ်အပါအဝင် ၂၀ မိုင်အထိကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ငပုတောမြို့နယ်မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပုသိမ်-ငပုတောလမ်းအား ၁၉၉၂ ခုနှစ်တွင် ပြည်သူလူထုလုပ်အားဖြင့် မြေသားတာပေါင်လမ်းအဖြစ် စတင်ဖောက်လုပ်ခဲ့ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့သည်။

ပုသိမ်-ငပုတောလမ်း၏ ကန်ကြီးဒေါင့်မြို့နယ်အပိုင်း စလူချောင်းနှင့် ဝဲကြီးချောင်းတို့တွင် သစ်သားတံတား နှစ်စင်း၊ ငပုတောမြို့နယ်အပိုင်းတွင် ဖျံရေကျော် သစ်သားတံတားတစ်စင်း စုစုပေါင်း သစ်သားတံတား သုံးစင်းဆောက်လုပ်ပေးခဲ့ပြီး ပုသိမ်မှ ငပုတောသို့ မော်တော်ကားများ သွားလာစေခဲ့သည်။ မော်တော်ကားများ သွားလာမောင်းနှင်ရာတွင် အကျယ်ပေ ၆၀၀ ရှိသော ပေပင်မြစ်နှင့် အကျယ်ပေ ၄၀၀ ရှိသော သင်္ကယ်ချောင်းမြစ်တို့ကို ဇက်ရေယာဉ်ပေါ် ကားများတင်၍ သွားလာခဲ့ရသည်ဆို၏။

ယခုအခါ သစ်သားတံတား သုံးစင်းမှာ နှစ်ကာလကြာမြင့်ပြီဖြစ်၍ ဆွေးမြေ့ပျက်စီးနေပြီဖြစ်သည့်အပြင် ပေပင်မြစ်နှင့် သင်္ကယ်ချောင်းမြစ်တွင်လည်း မော်တော်ယာဉ်များကူးနိုင်ရန် ဇက်ယာဉ်မရှိတော့သည့်အတွက် မော်တော်ယာဉ်များ သွားလာနိုင်ခြင်းမရှိတော့ပါ။

သို့ဖြစ်၍ ပုသိမ်-ငပုတောလမ်းမိုင် (၀/၀ = ၂၀/၀)ထိ ၂၀ မိုင်အား ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်လမ်းကွန်ရက်စီမံကိန်းဝင် လမ်းအမှတ်(၁၁) အဖြစ် ၃၄ ပေအကျယ် မြေသားတာပေါင်ချဲ့ခြင်းနှင့် ကျောက်လမ်းမှ ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ရန် ၁၇-၈-၂၀၁၀ ရက်နေ့မှစ၍ တာဝန်ယူဆောင်ရွက်နေပြီဖြစ်သည်။

စာရေးသူသည် တာဝန်ခံအင်ဂျင်နီယာမှူးကြီး ဦးကျော်ကျော်အား ပုသိမ်-ငပုတောလမ်းနှင့်ပတ်သက်၍ မေးမြန်းကြည့်ရာ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်အနက် ငပုတောမြို့နယ်မှအပ ကျန် ၂၅ မြို့နယ်ရှိ မြို့ကြီးအသီးသီးသို့ မော်တော်ကားလမ်းဖြင့် လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်သော်လည်း ငပုတောမြို့နယ်မှာ ရေလမ်းခရီးဖြင့်သာ ဆက်သွယ်သွားလာနိုင်၍ နိုင်ငံတော်အကြီးအကဲက ပုသိမ်-ငပုတောလမ်းအား ကွန်ရက်လမ်း အမှတ်(၁၁) အဖြစ် သတ်မှတ်ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါကြောင်း။

ကတ္တရာလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည့် ပုသိမ်-ငပုတောလမ်းပိုင်းကို တွေ့ရစဉ်။

ထို့ကြောင့် ပုသိမ်-ငပုတောလမ်း အရှည် ၂၀ မိုင်အား ကတ္တရာလမ်းအဆင့်တိုးမြှင့် တည်ဆောက်ခြင်းလုပ်ငန်းကို ၁၇-၈-၂၀၁၀ ရက်နေ့တွင် စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီး အတွင်း လမ်းကွန်ရက် ၁၀ လမ်း၊ လမ်းရှည် ၅၀၃ မိုင်ကို ၂၀၁၀ ခုနှစ် မေလအတွင်း မြေကြီးတာပေါင် တစ်ဆက်တစ်စပ်တည်းပြီးစီးအောင် တည်ဆောက်နိုင်ခဲ့ပြီး တံတားကြီးငယ် ၄၅၆ စင်း တည်ဆောက်ပြီးစီးခဲ့သလို ကျန်တံတားများအား အချိန်မီပြီးစီးရေး အရှိန်အဟုန်မြှင့်၍ ဆက်လက်တည်ဆောက်လျက်ရှိသဖြင့် တိုင်းဒေသကြီးအတွင်း ပင်လယ်ဘက်အခြမ်းရှိ ပြည်သူများပါမကျန် လမ်းကွန်ရက် အသွယ်သွယ်မှတစ်ဆင့် ဒေသအသီးသီးသို့ လွယ်ကူချောမွေ့စွာ၊ လုံခြုံအေးချမ်းစွာ ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ပါကြောင်း။

ပုသိမ်-ငပုတောလမ်းမှာ ပုသိမ်မြို့မှ ငပုတောမြို့အထိ လမ်းအရှည် ၂၀ မိုင်ရှိပြီး ယခုအခါ ပုသိမ်ခရိုင်မှ စက်ယန္တရားကြီးများဖြင့် လမ်းသားခိုင်ခံ့စေရေးအတွက် အကျယ် ၃၄ ပေရှိ မြေသားတာပေါင်တင်ခြင်းလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိနေခြင်းဖြစ်ကြောင်း၊ ယခုလမ်းပေါ်ရှိ တံတားကြီးနှစ်စင်းကိုလည်း တံတားအထူးအဖွဲ့က သံကူကွန်ကရစ်တံတားအဖြစ် အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်၍ ယခုနှစ် သတ်မှတ်ကာလအတွင်း ကတ္တရာလမ်းသစ်ကြီးအဖြစ် ငွားငွားစွင့်စွင့်နှင့် ပေါ်ထွန်းလာတော့မည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ပုသိမ်-ငပုတောလမ်းမှာ မြေပြန့်လွင်ပြင်လမ်းပိုင်းသာဖြစ်သဖြင့် မိနစ် ၃၀ ခန့်အတွင်း ပုသိမ်မြို့မှ ငပုတောမြို့သို့ ရောက်ရှိနိုင်မည် ဖြစ်သည်။ လမ်းဘေးတစ်ဖက်တစ်ချက် ရေမြောင်းများကိုလည်း တစ်ဆက်တစ်စပ်တည်းဖြစ်အောင် တူးဖော်ဆောင်ရွက်မည်ဖြစ်သဖြင့် ကျေးရွာများအနေဖြင့် ကုန်းလမ်းအပြင် လှေ၊ သမ္ပန်၊ စက်လှေများဖြင့် ရေလမ်းခရီးအဖြစ် တစ်ပြိုင်နက် အသုံးပြုနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက် စီမံကိန်း လမ်းအမှတ် (၁၁) ပုသိမ်-ငပုတောလမ်းမကြီးအား ကတ္တရာလမ်းအဆင့်ဖြင့် ဖွင့်လှစ်ပြီးစီးပါက ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ၂၆ မြို့နယ်သို့ ကုန်းလမ်းခရီးဖြင့် တိုက်ရိုက်ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသည်လည်း လူမှုစီးပွားဘဝများ တိုးတက်ဖွံ့ဖြိုးလာတော့မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

ပုသိမ်-ငပုတောလမ်းကို အဆင့်မြှင့်တင်၍ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ရန် ဤသို့ မြေသားလမ်းအကျယ် ၃၄ ပေအထိ ဆောင်ရွက်ထားသည်ကို တွေ့ရစဉ်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၁၀-၂၀၁၀ (တနင်္လာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"အံ့ဖွယ်ရှစ်ဖြာ သာသနာ" တရားတော် (ဆရာတော် အရှင်သုမနာစာရ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၄၇)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၄)**
၈း၅၀	Activities In The City [အမက(၂၅) အင်းစိန်၏ ပညာရည်ချွန်ဆုပေးပွဲ]
၉း၀၀	တင့်တယ်လှပခြင်းတို့ ဖန်တီးပေးသူ [တိုးတိုး(ဝတ်စုံဒီဇိုင်းနှင့် မိတ်ကပ် ထူးချွန်ပညာရှင်)] (အပိုင်း-၂)
၉း၃၀	နာမည်ဆိုးနှင့်ကျော်ကြားသော(၂)
၉း၅၀	နေသားတကျအရေပြားအလှ "ဝက်ခြံနဲ့အရေးအကြောင်းကင်းတဲ့ ချစ်စရာ့မျက်နှာ"
၉း၅၅	အသည်းကင်ဆာရောဂါ အကြောင်း သိကောင်းစရာ
၁၀း၂၀	The Champion of Dance
၁၀း၅၅	Celebrity Choice (ရန်ရန်ချန်း)
၁၁း၂၀	ရန်ကုန်မြင်ကွင်းကျယ် (တောင်တွင်းကြီးမြို့နယ်အသင်း မွှာရုံငွေလှူဒါန်းပွဲ)
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲက ဓား"(အပိုင်း-၆)
၁၂း၀၅	ဒေါက်တာဦးသန်းထွန်း(ရွှေဘို)၏ စာပေထုဆစ်မှု ဘဝမှတ်တမ်း
၁၂း၂၅	စာအုပ်ပြခန်း (မားကတ်တင်းအမှားတွေကို ပြင်ကြစို့)
၁၂း၅၀	ရန်ကုန်မြင်ကွင်းကျယ် (Guess Watch Show & 2010 Watch Fair Promotion)
၁း၀၀	"အံ့ဖွယ်ရှစ်ဖြာ သာသနာ" တရားတော် (ဆရာတော် အရှင်သုမနာစာရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	သူတို့ဘဝ သူတို့ဟာသ (သာလောင်)
၂း၄၅	FMF Selection
၃း၀၅	Activities In The City [အမက(၂၅) အင်းစိန်၏ ပညာရည်ချွန်ဆုပေးပွဲ]
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၄၇)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၄)**
၄း၅၅	နေသားတကျအရေပြားအလှ "ဝက်ခြံနဲ့အရေးအကြောင်းကင်းတဲ့ ချစ်စရာ့မျက်နှာ"
၅း၀၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲက ဓား"(အပိုင်း-၆)
၆း၀၀	MRTV-4 သတင်း
၆း၂၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၄၈)**
၇း၃၀	ဗီဒီယိုပြခန်း
၇း၅၀	ဘယ်လိုမဲပေးကြမှာလဲ (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ)
၈း၀၀	MRTV-4 သတင်း - နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
၈း၃၀	စကားနပန်း (ရုပ်ချောတာကောင်းတယ်၊ ရုပ်ဆိုးတာ ကောင်းတယ်)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၅)**
၁၀း၂၀	အနုပညာမိုးကောင်းကင်
၁၀း၄၅	တင့်တယ်လှပခြင်းတို့ ဖန်တီးပေးသူ [တိုးတိုး(ဝတ်စုံဒီဇိုင်းနှင့် မိတ်ကပ် ထူးချွန်ပညာရှင်)] (အပိုင်း-၂)
၁၁း၁၅	ဈေးဝယ်လမ်းညွှန် (Yuri Meiko)
၁၁း၄၅	ရန်ကုန်မြင်ကွင်းကျယ် (Guess Watch Show & 2010 Watch Fair Promotion)
၁၁း၅၀	International Show Biz
၁၂း၁၀	အသည်းကင်ဆာရောဂါ အကြောင်း သိကောင်းစရာ
၁၂း၃၅	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ကေဂျာနူး)
၁း၀၅	အထင် (ထွန်းထွန်းဝင်း၊ ခင်သီတာထွန်း၊ စုထက်ကုဋေ၊ ချစ်ပု) (ဒါရိုက်တာ-မီးပွား)
၁း၂၄	Barclays Premier League (Blackbum Vs Sunderland)
၃း၂၅	ဒေါက်တာဦးသန်းထွန်း(ရွှေဘို)၏ စာပေထုဆစ်မှု ဘဝမှတ်တမ်း
၃း၄၅	ပြန်လည်တမ်းတ သူ့ဘဝ အနုပညာအလှ (ဂီတကဏ္ဍ)
၄း၀၅	စားချင်စဖွယ် နည်းအသွယ်သွယ် (ကဏန်းမဆလာဟင်းနှင့် ဆန်သာဂူမုန့်ချို)
၄း၂၅	ရွှေတောင်မြို့မှ စည်းလုံးချည်
၄း၄၀	မြန်မာ့ "အိုး"
၄း၅၀	ထူးမြတ်ပူဇော်ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Blackbum- Sunderland	ESPN (Live)

ရန်ကုန်တိုင်းဒေသကြီး ကာယဗလမောင်နှင့် ကာယအလှမယ် လူရွေးပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၇

၂၀၁၀ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ တံခွန်စိုက်ပြိုင်ပွဲများနှင့် တိုင်းဒေသကြီး လူရွေးပြိုင်ပွဲများကို အောက်တိုဘာ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ကာယဗလမောင်ပြိုင်ပွဲ၌ ၅၅ ကီလိုတန်း၊ ၆၀ ကီလိုတန်း၊ ၆၅ ကီလိုတန်း၊ ၇၀ ကီလိုတန်း၊ ၇၅ ကီလိုတန်း၊ ၈၀ ကီလိုတန်းနှင့် ၈၅ ကီလိုတန်းဟူ၍ ခုနစ်တန်း ခွဲခြားကျင်းပမည်ဖြစ်သည်။

ကာယအလှမယ်ပြိုင်ပွဲတွင် အရပ် ၅ ပေ၊ ၃ လက်မ အောက်ပြိုင်ပွဲနှင့် အရပ် ၅ ပေ၊ ၃ လက်မနှင့် အထက်ပြိုင်ပွဲဟူ၍ ခွဲခြားကျင်းပမည်ဖြစ်သည်။

အဆိုပါ ကာယဗလမောင်ပြိုင်ပွဲနှင့် ကာယအလှမယ် လူရွေးပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မောင်မယ်များအား အတန်းခွဲခြင်းနှင့် စစ်ဆေးခြင်းလုပ်ငန်းများကို အောက်တိုဘာ ၂၃ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အထူးတန်း၌ ပြုလုပ်ကြမည်ဖြစ်၍ ပြိုင်ပွဲဝင်များသည် ယင်းနေ့ နံနက်ပိုင်းနောက်ဆုံးထားပြီး ပြိုင်ပွဲဝင်စာရင်းပေးသွင်းရမည် ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး ကာယဗလနှင့် ကာယအလှမယ်ဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးထွန်းလင်း ဖုန်း-၀၉ -၈၀၃၀၉၀၀ နှင့် ၀၉-၅၀၇၀၈၀၀ တို့သို့ ပြိုင်ပွဲနှင့် စပ်လျဉ်း၍ မေးမြန်းဆက်သွယ်နိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး ကာယဗလမောင်ပြိုင်ပွဲနှင့် ကာယအလှမယ်ပြိုင်ပွဲများကို စည်းကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် S.M.A Adversiting & Publishing Group မှ ဦးစိုးမြတ်အောင်၏စီစဉ်မှုဖြင့် ပါတားမီးနား စက်ဆီ၊ ချောဆီနှင့် လင်းလွန်းတာယာပစ္စည်းများ ထုတ်လုပ်သော Best Luck Co.,Ltd.၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုးထုတ်လုပ်သော Kris-Lite Co.,Ltd. နှင့် KTM သောက်ရေသန့် လုပ်ငန်းတို့က ကူညီပံ့ပိုးကြမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ယီမင်နိုင်ငံ ဆာနားမြို့တော်တွင် နိုင်ငံခြားသံရုံးများ လုံခြုံရေးတင်းကျပ်ထား

ယီမင်နိုင်ငံ ဆာနားမြို့တော် တစ်နေရာတွင် လုံခြုံရေးအရ နေရာယူထားသော ယီမင်တပ်ဖွဲ့ဝင်များ။

ဆာနား အောက်တိုဘာ ၁၇ - ယီမင်နိုင်ငံတွင် သံတမန်အဖွဲ့အစည်းများကို အကြမ်းဖက်တိုက်ခိုက်မှုအရှိန်မြင့်လာနိုင်ကြောင်း သတိပေးချက်များထုတ်ပြန်ပြီးနောက် ဗြိတိသျှနှင့် အမေရိကန်သံရုံးများ ပတ်ဝန်းကျင်၌ အာဏာပိုင်များက တနင်္ဂနွေနေ့တွင် လုံခြုံရေးတင်းကျပ်စွာ ချထားသည်။

ရဲတပ်ဖွဲ့က ဆာနာမြို့ရှိ အမေရိကန်သံရုံးသို့ ဦးတည်သော အဓိကလမ်းမကြီးကို ပိတ်ဆို့၍ ယာဉ်အသွားအလာများကို ရပ်ဆိုင်းထားသည်။ ဗြိတိသျှသံရုံးသို့သွားသော မော်တော်ယာဉ်များကိုလည်း လုံခြုံရေးတပ်ဖွဲ့များက ရှာဖွေစစ်ဆေးသည်ဟု အေအက်ဖ်ပီသတင်းထောက်က ပြောကြားသည်။

အကြမ်းဖက်သမားများ လှုပ်ရှားနေသည့်အတွက် ယီမင်နိုင်ငံအတွင်း၌ လုံခြုံရေးခြိမ်းခြောက်မှုအဆင့် အမြင့်ဆုံးအဖြစ် အမေရိကန်နိုင်ငံသားများကို ၎င်းတို့၏ သံရုံးက သောကြာနေ့တွင် သတိပေးချက် ထုတ်ပြန်ထားသည်။

ဗြိတိသျှသံရုံးက ၎င်း၏ သံရုံးကားကို ဒုံးကျည်ဖြင့် တိုက်ခိုက်ခြင်းခံရပြီး တစ်ပတ်အကြာတွင် သံရုံးကို ဖွင့်ထားမည်ဖြစ်သော်လည်း လုံခြုံရေးအခြေအနေကြောင့် အများပြည်သူတို့အတွက် ပိတ်ထားမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၂ ရက် ရက်စွဲဖြင့် ၎င်း၏ဝက်ဘ်ဆိုက်တွင် ကြေညာထားသည်။

ယီမင်နိုင်ငံတွင် ကြီးမားသော အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်ပေါ်ပေါက်ဖွယ်ရာရှိသဖြင့် ယင်းနိုင်ငံသို့ ခရီးသွားသူများကို ဩစတြေးလျနိုင်ငံက သောကြာနေ့တွင် သတိပေးချက် ထုတ်ပြန်ထားသည်။ ပြင်သစ်အစိုးရက ယီမင်နိုင်ငံတွင် လုံခြုံရေးအခြေအနေ ယိုယွင်းလာသည့်အတွက် ယင်း နိုင်ငံအတွင်းရှိသည့် ၎င်း၏ နိုင်ငံသားများကို ထွက်ခွာသွားကြရန် လွန်ခဲ့သည့် နှစ်ရက်က တိုက်တွန်း ထားသည်။ **အေအက်ဖ်ပီ။**

ဖီဖာအကျင့်ပျက်တာဝန်ရှိသူများကို စတင်စစ်ဆေး

လန်ဒန် အောက်တိုဘာ ၁၇

၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို လက်ခံကျင်းပရန် အပြိုင်အဆိုင် မဲဆွယ်စည်းရုံးနေကြစဉ် ဖီဖာထိပ်တန်းတာဝန်ရှိသူများက ၎င်းတို့ ထောက်ခံမဲများကို ရောင်းချရန်ကမ်းလှမ်းကြောင်း ဗြိတိသျှသတင်းစာတစ်စောင်က ဖော်ထုတ်ရေးသားပြီးနောက် ဖီဖာက ယင်းပြဿနာကို တနင်္ဂနွေနေ့တွင် စတင်စုံစမ်းပြီဖြစ်သည်။

ဖီဖာအမှုဆောင်ကော်မတီအဖွဲ့ဝင် နိုင်ဂျီးရီးယားနိုင်ငံသား အာမို့စ်အေဒါမူက လက်ခံကျင်းပခွင့်လျှောက်ထားသည့် နိုင်ငံများအနက် တစ်နိုင်ငံကို ထောက်ခံပေးရန်အတွက် ဒေါ်လာ ၈၀၀ ၀၀၀ (ယူရို ၅၇၀၀၀၀) တောင်းဆိုသည်ဟု "ဆန်းဒေးတိုင်းမ်" သတင်းစာကြီးက ဖော်ပြသည်။

အမေရိကန် စီးပွားရေးလုပ်ငန်းများ စုပေါင်းအဖွဲ့၏ ရှေ့ကြိုများအဖြစ် ဟန်ဆောင်ထားသည့် သတင်းထောက်များနှင့် ၎င်း၏ တွေ့ဆုံမှုများကို ဓာတ်ပုံရိုက်ယူထားခဲ့သည်။

ဖီဖာဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်သူ သမုဒ္ဒရာပိုင်းဆိုင်ရာ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရေနေးတီမာရီသည် အားကစားအကယ်ဒမီကျောင်းတစ်ကျောင်းအတွက် နယူးဇီလန်ဒေါ်လာ သုံးသန်း (အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ သန်း) ရလို သူဟုလည်း ယင်းသတင်းစာက ရေးသည်။

သတင်းစာပါ အချက်အလက်များကို ကြည့်ရှုခွင့်ပေးရန် မေတ္တာရပ်ခံထားပြီး ထိုကိစ္စကို စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း ဖီဖာ၏ကြေညာချက်တွင် ဖော်ပြထားသည်။ **အေအက်ဖ်ပီ။**

အစ္စရေးနှင့် ပါလက်စတိုင်းခေါင်းဆောင်များ ပါရီဆွေးနွေးပွဲကို ကာလရွှေ့ဆိုင်း

ဂျေရုဆလင် အောက်တိုဘာ ၁၇

အစ္စရေးနှင့် ပါလက်စတိုင်းခေါင်းဆောင်များ ယခုရက်သတ္တပတ်အတွင်း ပြင်သစ်နိုင်ငံ ပါရီမြို့၌ တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်ကို ကာလရွှေ့ဆိုင်းလိုက်ကြောင်း သက်ဆိုင်ရာ အာဏာပိုင်အသီးသီးက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြသည်။

အစောပိုင်းကာလများက ပြန်လည်အစပျိုးခဲ့သော အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲများသည် အနောက်ဘက်ကမ်းဒေသရှိ ဂျူးအခြေစိုက် အိမ်ရာတည်ဆောက်မှု စီမံကိန်းများနှင့် ပတ်သက်ပြီး ရှေ့မတိုး နောက်မဆုတ် အခြေအနေသို့ ရောက်ရှိနေသည်။

ပြင်သစ်သမ္မတ နီကိုလပ်ဆာကိုဇီသည် အစ္စရေးနှင့် ပါလက်စတိုင်းခေါင်းဆောင်များ အောက်တိုဘာ ၂၁ ရက်တွင် ပါရီမြို့သို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားထားသော်လည်း အစ္စရေးဝန်ကြီးချုပ်ရုံးက ပါရီမြို့၌ အစ္စရေးနှင့် ပါလက်စတိုင်းခေါင်းဆောင်တို့ ဆွေးနွေးမည့်အစီအစဉ်ကို အကြောင်းပြချက်မရှိ ရွှေ့ဆိုင်းလိုက်ကြောင်း အောက်တိုဘာ ၁၆ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

သို့ရာတွင် ပါလက်စတိုင်းတာဝန်ရှိသူများက ပါရီဆွေးနွေးပွဲနှင့် ပတ်သက်၍ မည်သည့်ဆုံးဖြတ်ချက်မျှ မချရသေးကြောင်း ပြောကြားသည်။

ယင်းသို့ ဆွေးနွေးပွဲအချိန်ရွှေ့ဆိုင်းမှုနှင့်ပတ်သက်၍ ပြင်သစ်နိုင်ငံက မည်သည့်မှတ်ချက်မျှ ပြောကြားခြင်းမရှိ သေးပေ။ **အေပီ။**

အမေရိကန် လိုလားသော အီရတ်လက်နက်ကိုင်အုပ်စုဝင်များ အယ်လ်ခိုင်ဒါကို ပြောင်းလဲသစ္စာခံနေဖွယ်ရှိ

ဝါရှင်တန် အောက်တိုဘာ ၁၇ - အမေရိကန်စစ်ဘက်ကို လိုလားသော ပြန်လည်နိုးကြားရေးကောင်စီခေါ် အီရတ်လက်နက်ကိုင်အုပ်စုတစ်စုမှ အဖွဲ့ဝင် ရာပေါင်းများစွာတို့သည် အယ်လ်ခိုင်ဒါအဖွဲ့ကို ပြောင်းလဲသစ္စာခံခဲ့ကြဖွယ်ရှိကြောင်း နယူးယောက်ခ်တိုင်းမ်သတင်းစာက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

ခိုင်မာသည့်အထောက်အထားမပြနိုင်သေးသော်လည်း ပြီးခဲ့သည့်လများအတွင်း ပြန်လည်နိုးကြားရေးကောင်စီအဖွဲ့ဝင် ရာပေါင်းများစွာတို့သည် မက်ဆိုပိုတေးမီးယားဒေသရှိ အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်သွယ်ခဲ့ကြပုံရကြောင်း အီရတ်အစိုးရတာဝန်ရှိသူတစ်ဦး၏ အဆိုကို ကိုးကား၍ နယူးယောက်ခ်တိုင်းမ်သတင်းစာက ဖော်ပြသည်။

၎င်းအီရတ်လက်နက်ကိုင်အဖွဲ့ဝင် အတော်များများသည် အမေရိကန်စစ်ဘက်နှင့် ကောင်းစွာကျွမ်းဝင်ခဲ့ကြသူများ ဖြစ်သည်ဟု ဆိုသည်။ ပြန်လည်နိုးကြားရေးကောင်စီ အီရတ်လက်နက်ကိုင်အုပ်စုသည် ပြည်တွင်းသူပုန်များကို အီရတ်အစိုးရနှင့်လက်တွဲ၍ ဆန့်ကျင်တိုက်ခိုက်နေသောအဖွဲ့ဖြစ်သည်။

အပြန်အလှန်အားဖြင့် အီရတ်အစိုးရကလည်း ယင်းလက်နက်ကိုင်အဖွဲ့ဝင်များကို လစာရိက္ခာခံစားခွင့်ပြုခဲ့သည်။ အီရတ်အစိုးရတာဝန်ရှိသူများ၏ အဆိုအရ အီရတ်အစိုးရ၏လစာကို ရယူနေကြသော ပြန်လည်နိုးကြားရေးကောင်စီ အဖွဲ့ဝင် ထောင်ပေါင်းများစွာ ရှိနေဆဲဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ။**

မိုင်းတွင်းထဲ ပိတ်မိနေသော အီကွေဒေါအလုပ်သမားနှစ်ဦး သေဆုံး

ကွီတို အောက်တိုဘာ ၁၇

အီကွေဒေါနိုင်ငံတောင်ပိုင်း ရွှေတွင်းတစ်တွင်း၏ မြေအောက်ဥမင်လိုဏ်အတွင်း ပိတ်မိနေသည့် လုပ်သားလေးဦးအနက် နှစ်ဦး၏အလောင်းကို ကယ်ဆယ်ရေးသမားများက တနင်္ဂနွေနေ့တွင် တွေ့ရှိခဲ့သည်။

ပျောက်ဆုံးနေသော အလုပ်သမားနှစ်ဦး အလုပ်လုပ်နေခဲ့သည်ဟု ယူဆရသောနေရာသို့ ရောက်ရှိရန် ပြိုကျထားသော ကျောက်တုံးကျောက်ခဲများကို ကယ်ဆယ်ရေးသမားများက ဆက်လက်ဖယ်ရှားလျက်ရှိသည်ဟု တာဝန်ရှိသူများက ပြောသည်။

၎င်းတို့သည် မြေအောက်ပေ ၄၉၀ အနက်ရှိ လိုဏ်ခေါင်းတစ်ခုအတွင်း သောကြာနေ့က ပိတ်မိနေခြင်းဖြစ်သည်။

ရှာဖွေရေးသမားများက ပျောက်ဆုံးနေသူနှစ်ဦးကို အသက်ရှင်လျက် ပြန်လည်တွေ့ရမည်ဟု မျှော်လင့်လျက်ရှိကြောင်း သတ္တုတွင်းဒုတိယဝန်ကြီး ဂျော့အက်စ်ပီနိုဆာက ပြောသည်။

သမ္မတ ရာဖေးလ်ကော်ရီယာက ၎င်းအလုပ်သမားနှစ်ဦးကို ကယ်တင်ရန် ဖြစ်နိုင်သော နည်းလမ်းပေါင်းစုံကို အသုံးပြုရန် ကတိပေးခဲ့သည်။

အံ့အားသင့်ဖွယ်ရာ ချီလီသတ္တုတွင်း အလုပ်သမား ၃၃ ဦးကို ကယ်တင်ပြီးနောက် သုံးရက်အကြာတွင် ချီလီသမ္မတ ဘီဘာစတီယံပီနဲဒါက အီကွေဒေါနိုင်ငံအား အကူအညီပေးရန် ကမ်းလှမ်းခဲ့သည်။ **အင်တာနက်။**

အီရန်နှင့် အင်အားကြီးနိုင်ငံများအကြား နျူကလီးယားဆွေးနွေးပွဲ နိုဝင်ဘာတွင် ပြန်စနိုင်ဖွယ်ရှိ

တီဟီရန် အောက်တိုဘာ ၁၇

ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် အီရန်နိုင်ငံတို့အကြား နျူကလီးယားအရေးဆွေးနွေးပွဲကို နိုဝင်ဘာလလယ်တွင် ပြန်လည်စတင်နိုင်မည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေး ဝန်ကြီး၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၁၆ ရက်သတင်းများတွင် ဖော်ပြထားသည်။

ကုလသမဂ္ဂ အမြဲတမ်း လုံခြုံရေးကောင်စီအဖွဲ့ဝင် ငါးနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့ ပါဝင်သော ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံနှင့် အီရန်နိုင်ငံတို့အကြား နျူကလီးယား ဆွေးနွေးပွဲကို ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ နိုဝင်ဘာ ၁၅ ရက်တွင် ပြုလုပ်ရန် အီရန်နိုင်ငံခြားရေးဝန်ကြီး မနုချီမော့တာကီက အကြံပြုထားသည်ဟု ဆိုသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး၏ အကြံပြုချက်ကို အတည်ပြုရန်နှင့် ဆွေးနွေးပွဲ ကျင်းပမည့်နေရာနှင့်ပတ်သက်၍ သဘောတူညီမှုရရန် နှစ်ဖက်လုံးက လုပ်ဆောင်လျက်ရှိကြောင်း အီရန်ပြည်တွင်း သတင်းဌာနတစ်ခုက ဖော်ပြသည်။

လက်ရှိအချိန်တွင် အီရန်နိုင်ငံ၏ ဘူရှာ နျူကလီးယား ဓာတ်ပေါင်းဖိုသည် နည်းပညာ ပြဿနာများကြောင့် လည်ပတ်မှု ရပ်ဆိုင်းထားရကြောင်း သတင်းများတွင် ဖော်ပြသည်။ **အင်တာနက်။**

တိုင်ဖွန်းမုန်တိုင်း 'မီဂီ' ချဉ်းကပ်လာမှုကြောင့် ဖိလစ်ပိုင်၌ အရေးပေါ်သတိပေးချက် ထုတ်ပြန်

မနီလာ အောက်တိုဘာ ၁၇ - ရေလွှမ်းမိုးမှုများနှင့် မြေပြိုမှုများကိုဖြစ်စေနိုင်သည့် တိုင်ဖွန်းမုန်တိုင်း တစ်ခုနှင့် ရင်ဆိုင်ရမည့် ဖိလစ်ပိုင်နိုင်ငံသည် ၎င်း၏ အရေးပေါ်ကယ်ဆယ်ရေးဝန်ထမ်းများကို အသင့်အနေအထားပြင်ဆင်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ဂျူအန်တိုင်ဖွန်းဟုလည်း လူသိများသည့် တိုင်ဖွန်းမုန်တိုင်းမီဂီသည် တစ်နာရီလျှင်လေတိုက်နှုန်း ၁၂၄မိုင်ရှိသည့် အင်အားကြီးမားသော မုန်တိုင်းအဖြစ် ဖိလစ်ပိုင်ကုန်းတွင်းပိုင်းကို အောက်တို ဘာ ၁၈ရက်တွင် ဝင်ရောက်နိုင်ကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ခန့်မှန်းထားသည်။

တိုင်ဖွန်းမုန်တိုင်း 'မီဂီ' ကုန်းတွင်းပိုင်းသို့ မဝင်ရောက်မီ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ပြင်ဆင်မှုများ ပြုလုပ်နေသော ဖိလစ်ပိုင် တပ်ဖွဲ့ဝင်များ။

မီဂီတိုင်ဖွန်းမုန်တိုင်းသည် အောက်တိုဘာ ၁၇ရက်တွင် လေတိုက်နှုန်း တစ်နာရီလျှင် ၂၆၉ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်လျက်ရှိပြီး ဖိလစ်ပိုင်နိုင်ငံဆီသို့ ဦးတည်ရွေ့လျားနေကြောင်း သိရသည်။

ယင်းမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံ ကာဂါယန်ပြည်နယ်၏ အရှေ့ဘက် ကီလိုမီတာ ၃၉၀ အကွာတွင် ဗဟိုပြုနေပြီး အနောက်ဘက်သို့ တစ်နာရီလျှင် ၂၂ကီလိုမီတာနှုန်းဖြင့် ရွေ့လျားနေကြောင်း သတင်းများတွင် ဖော်ပြသည်။

ကမ်းရိုးတန်းဒေသ မြေနိမ့်ပိုင်း၌ နေထိုင်သူများကို လုံခြုံသောနေရာများ၌ ခိုလှုံရန် အကြံပြုထားပြီး လိုအပ်ပါက အင်းအားသုံးဖယ်ရှားစေသည့်နည်းကို အသုံးပြုရန် ဖိလစ်ပိုင်အာဏာပိုင်များက ဆွေးနွေးလျက်ရှိသည်။

မီဂီတိုင်ဖွန်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းနိုင်ရာ တောင်ကုန်းတောင်တန်းထူထပ်သော ဒေသများ၌ ဒေသအလိုက် ရေလွှမ်းမိုးမှုများ၊ မြေပြိုမှုများနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း သိရသည်။ **အင်တာနက်။**

တစ် ပတ် အ တွင်း နိုင် ငံ တ ကာ သ တင်း ရှု ခင်း

အာရေပီးယန်းကျွန်းဆွယ် ယီမင်အယ်လ်ခိုင်ဒါအဖွဲ့နှင့် နယ်ကျော်ခြိမ်းခြောက်မှု

ယီမင်နိုင်ငံတွင်းက အယ်လ်ခိုင်ဒါကွန်ရက်ကို အမေရိကန်နိုင်ငံက လျှို့ဝှက်စစ်ဆင်ရေးတွေ နှိမ်နင်းဖို့ ကြိုးစားနေတာဟာ တစ်နှစ်တင်းတင်းမျှ ရှိခဲ့ပါပြီ။ ဒါပေမယ့် ယီမင်စစ်သွေးကြွတွေရဲ့ အကြမ်းဖက်လှုပ်ရှားမှုဟာ မန်းလေပြေလေသဘောဖြစ်နေတာမို့ အမေရိကန်အစိုးရက စစ်ဆင်ရေးတွေအရှိန်မြှင့်လုပ်ဖို့ မဖြစ်မနေ လုပ်ဆောင်ရတော့မယ့်အခြေကို ဆိုက်လာပါတယ်။

ယီမင်နိုင်ငံကို လက်ရှိအုပ်ချုပ်နေတဲ့ သမ္မတ အလီ အဗ္ဗဒူလ် ဆာလား ဦးဆောင်တဲ့အစိုးရဟာ အင်အားချည့်နဲ့ပျော့ညံ့တဲ့အစိုးရအဖွဲ့ဖြစ်ပြီး သူတို့ကိုယ်တိုင်ရဲ့ တရားဝင်အစိုးရအဖွဲ့တစ်ဖွဲ့အဖြစ် ရပ်တည်နိုင်ရေးအတွက်တောင်မှ

အနိုင်နိုင်ရယ်။ တစ်နည်းအားဖြင့် ဆာလားဦးဆောင်တဲ့ ယီမင်အစိုးရအဖွဲ့ဟာ သူတို့တည်မြဲရေးအတွက် အစိုးရအဖွဲ့ရဲ့ အာဏာစက် သက်ရောက်မှုမရှိတဲ့ လူမျိုးစုတွေ၊ အစ္စလာမ့်စ် အစွန်းရောက်မဟာမိတ်အဖွဲ့တွေရဲ့ မျက်နှာရိပ်မျက်နှာကဲကြည့်ပြီး နေနေရတဲ့အဖြစ်ပါ။

ပြီးတော့လည်း အယ်လ်ခိုင်ဒါဆန့်ကျင်ရေးစစ်ပွဲ ဆင်နွှဲမယ်ဆိုရင် အဲဒီစစ်ပွဲဟာ အမေရိကန်ဆန့်ကျင်ရေး စိတ်ဓာတ်တွေအမြစ်တွယ်နေတဲ့ ယီမင်လူ့အဖွဲ့အစည်းအတွက် အခဲမကျေဖွယ် လုပ်ရပ်ဖြစ်သွားမှာကိုလည်း ယီမင်အာဏာပိုင်တွေက စိုးရွံ့နေကြပါတယ်။

တကယ်တော့ ယီမင်နိုင်ငံမှာ အယ်လ်ခိုင်ဒါ စစ်သွေးကြွတွေ အမြစ်တွယ်လာတာဟာ နှစ်ပေါင်းများစွာရှိခဲ့ပါ ပြီ။ အစိုးရအာဏာစက် လစ်ဟာနေတဲ့၊ တောင်ကုန်းတောင်တန်း ထူထပ်တဲ့ လူမျိုးစုဒေသတွေမှာ ခိုအောင်းအားမွေးခဲ့ကြတာပါ။ ၂၀၀၉ ခုနှစ် ခရစ္စမတ်ရက်မှာတော့ ယီမင်အယ်လ်ခိုင်ဒါကွန်ရက်ဟာ အဲဒီနေ့မှာ အမေရိကန်ပြည်ထောင်စု ဒက်ထရွိုက်မြို့သို့ ပျံသန်းနေတဲ့ ခရီးသည်တင်လေယာဉ်ကို ဗုံးခွဲတိုက်ခိုက်ဖို့ ကြံစည်ခဲ့ပါတယ်။ အဲဒီအကြံအစည်မဖြစ်မြောက်ခဲ့ပေမယ့် အမေရိကန်အစိုးရက ယီမင်အယ်လ်ခိုင်ဒါတွေကို တစ်ကမ္ဘာလုံးအတွက် အကျုံးဝင်တဲ့အန္တရာယ်အဖြစ် သတ်မှတ်ခဲ့ပါတယ်။ ပြီးတော့ ယီမင်အစိုးရနှင့် ပူးပေါင်းပြီးတော့လည်း အယ်လ်ခိုင်ဒါတွေကို ကျူပင်ခုတ် ကျူငုတ်မကျန် ချေမှုန်းဖို့ ပြင်ဆင်လာပါတယ်။

လက်ရှိမှာပဲ အမေရိကန်စစ်ရေးကျွမ်းကျင်သူ ၅၀ ဝန်းကျင်လောက်က ယီမင်အကြမ်းဖက်မှု တန်ပြန်နှိမ်နင်းရေးတပ်ဖွဲ့ဝင်တွေကို လေ့ကျင့်မှုတွေပေးနေပါတယ်။ ပြီးတော့ ဒီနှစ်ထဲမှာပဲ ယီမင်စစ်ဘက်အတွက် ရဟတ်ယာဉ်တွေ၊ လေယာဉ်တွေနဲ့ အခြားစစ်ပစ္စည်းကိရိယာတွေ ဝယ်ယူဖြည့်တင်းနိုင်ဖို့ ဒေါ်လာ သန်း ၁၅၀ ထောက်ပံ့ခဲ့ပါတယ်။ အလားတူ လူမှုဒုက္ခဆိုင်ရာအကူအညီများနဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီတွေကိုလည်း ပေးခဲ့ပါသေးတယ်။

စောစောပိုင်းသီတင်းပတ်တွေတုန်းက ယီမင်အယ်ခိုင်ဒါတွေဟာ အစိုးရအဖွဲ့ ရုံးစိုက်ရာ ဆာနားမြို့တော်မှာတောင် တိုက်ခိုက်မှုတွေ လုပ်ဆောင်လာတဲ့အထိ အတင့်ရဲလာပါတယ်။ ပြီးတော့ ယီမင်နိုင်ငံဆိုင်ရာ ဗြိတိန်ထိပ်တန်းသံတမန် တစ်ဦးလိုက်ပါလာတဲ့ကားကို ချုံခိုတိုက်ခိုက်တာမျိုးကိုတောင် လုပ်ဆောင်လာကြပါတယ်။ အဲဒီအချိန်မှာ ယီမင်အစိုးရကတော့ ရှာဘွားပြည်နယ် ဟော့တားမြို့မှာရှိတဲ့ အယ်လ်ခိုင်ဒါ စစ်သွေးကြွတွေကို နှိမ်နင်းနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် စစ်သွေးကြွအများစုကတော့ ထွက်ပြေးလွတ်မြောက်သွားတယ်လို့ သတင်းတွေ ပေါ်လာပါတယ်။

တစ်ချိန်တည်းမှာပဲ ယီမင်အယ်လ်ခိုင်ဒါခေါင်းဆောင်တွေဟာ အင်တာနက်ဗွီဒီယိုဖိုင်တစ်ခုကို ပြီးခဲ့တဲ့သီတင်းပတ်က လွှင့်တင်ခဲ့ပါတယ်။ အဲဒီဗီဒီယိုဖိုင်ထဲမှာ အမေရိကန်နိုင်ငံနှင့် ပလဲနံပသင့်ပြီး အစ္စလာမ့်စ်နိုင်ငံမဆန်ဘူးလို့ အယ်လ်ခိုင်ဒါကွန်ရက်က သတ်မှတ်ထားတဲ့ ဆော်ဒီအာရေဗျနိုင်ငံက လုံခြုံရေးတာဝန်ရှိသူတွေကို ပြောင်ပြောင်တင်းတင်း ခြိမ်းခြောက်ထားပါတယ်။ အဲဒီ ဗီဒီယိုခွေထဲမှာ ဖော်ပြထားတာကတော့ "ညအိပ်ရာမဝင်ခင်အိပ်ရာအောက်ကိုကြည့်၊ ငါတို့ရဲ့ ဗုံးကိုတွေ့လိမ့်မယ်"တဲ့။ ဆော်ဒီက ပုဂ္ဂိုလ်တွေအဖို့တော့ ကျောချမ်းစရာပ။

ဒီယီမင်အယ်လ်ခိုင်ဒါတွေကို နှိမ်နင်းနေတဲ့ အမေရိကန်စစ်ဘက်ရဲ့ စစ်ရေးလှုပ်ရှားမှုတွေကို ထင်ထင်ရှားရှား လက်ညှိုးထိုးပြဖို့ မလွယ်ပါဘူး။ ဒါပေမယ့် လူဦးရေ ၂၃သန်းရှိတဲ့ ယီမင်နိုင်ငံထဲမှာရှိတဲ့ အချို့ကျေးရွာတွေက ရွာသားတွေကတော့ မောင်းသူမဲ့လေယာဉ် စက်သံကို နေ့ညမဟူ ကြားနေရကြောင်း ယီမင်တာဝန်ရှိသူတွေကို သတင်းပို့တာမျိုး တွေ့ရှိခဲ့ပါတယ်။ အဲဒီ မောင်းသူမဲ့လေယာဉ်တွေဟာ ယီမင်အယ်လ်ခိုင်ဒါတွေကို ခြေရာခံစုံစမ်းနေတဲ့ အမေရိကန်လေယာဉ်တွေဖြစ် တယ်လို့လည်း ဆိုကြပါတယ်။ တစ်ဖန် ဒါဇင်ပေါင်းများစွာရှိတဲ့ သတင်းပေးတွေဟာ အယ်လ်ခိုင်ဒါ စစ်သွေးကြွတွေရဲ့ အရွေ့အပြောင်းတွေ၊ အပြန်အလှန် ပြောကြားမှုတွေကို အမေရိကန် အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေး တာဝန်ရှိသူများထံ အစီရင်ခံ တင်ပြနေတယ်လို့ ယီမင်အာဏာပိုင်တွေကလည်း ပြောကြားခဲ့ပါတယ်။

ဒီလိုလျှို့ဝှက်လေကြောင်း စစ်ဆင်ရေးတွေလုပ်နေပေမယ့် ယီမင်အယ်လ်ခိုင်ဒါတွေကို ချေမှုန်းရာမှာ အမေရိကန် မြေပြင်တပ်ဖွဲ့တွေကို အသုံးပြုမှာ မဟုတ်ကြောင်း၊ အမေရိကန်အာဏာပိုင်တွေက ဆိုလာပါတယ်။ ဒီတော့ အယ်လ်ခိုင်ဒါတွေကို မြေပြင်ပေါ်မှာ စစ်ဆင်ရေးလုပ်ရမယ်ဆိုတဲ့ ဝန်ထုပ်ကြီးဟာ ယီမင်အစိုးရရဲ့ ပခုံးပေါ်ရောက်လာပါတယ်။ ဒါပေမယ့် ဒီလိုစစ်ဆင်ရေးတွေ လုပ်ဆောင်ဖို့အတွက် ယီမင်စစ်ဘက်ရဲ့ စွမ်းရည်ဟာ ပြည့်မီသေးခြင်း မရှိပါဘူး။

အင်အား ၃၀၀ ပတ်ဝန်းကျင်လောက်ရှိမယ်လို့ ခန့်မှန်းရတဲ့ အယ်လ်ခိုင်ဒါတိုက်ခိုက်ရေးသမားတွေဟာ ယီမင်အစိုးရရဲ့ အာဏာသက်ရောက်မှု မရှိတဲ့ရှာဘွား၊ အက်ဘ်ယန်၊ ဂျူ့ဖ်နှင့် မာရစ်ပြည်နယ်တွေမှာ ခြေကုပ်ယူပြီး နေကြတာပါ။ ပမာအားဖြင့် ရှာဘွားပြည်နယ် အကျယ်အဝန်းရဲ့ ၇၀ ရာခိုင်နှုန်းဟာ ယီမင်အစိုးရတပ်ဖွဲ့တွေအတွက် "မကျူးရနယ်မြေ"ပါ။ ဒီလိုနေရာတွေမှာ အယ်လ်ခိုင်ဒါရဲ့ အကာအကွယ်ကို ရယူထားတဲ့ လူမျိုးစုဝင် လက်နက်ကိုင်တွေပဲ ကြီးစိုးနေပါတယ်။

ပြီးတော့ အယ်လ်ခိုင်ဒါရဲ့ လက်ရှိခြိမ်းခြောက်မှု အန္တရာယ်အတိုင်းအဆနှင့် ပတ်သက်လို့လည်း အမေရိကန်အစိုးရနှင့် ယီမင်အစိုးရတို့အကြား သဘောတူ မျှမှုမရှိပါဘူး။ ယီမင်လွှတ်တော်အမတ်တွေနှင့် လူမျိုးစုအကြီးအကဲတွေဟာ ရံဖန်ရံခါ အယ်လ်ခိုင်ဒါအန္တရာယ်ဆိုတာ ယီမင်နိုင်ငံကို ထိန်းချုပ်

ချင်တဲ့ အမေရိကန်အစိုးရရဲ့ ဒဏ္ဍာရီဆန်ဆန်ဝါဒဖြန့်မှုလို့ ယူဆတတ်ကြပါတယ်။ ဒါမှမဟုတ် ဆာနားအစိုးရဟာ သူရဲ့ပြည်တွင်းရန်သူတွေကို တိုက်ခိုက်ဖို့ အယ်လ်ခိုင်ဒါ အကြောင်းပြပြီး အမေရိကန်ရဲ့ လေကြောင်းစစ်ဆင်ရေးတွေကို လက်ခံနေတာပါလို့လည်း ယူဆတတ်ကြပါတယ်။

ဥပဒေအရလုပ်ခွင့်မရှိ

တစ်ဖန် အမေရိကန်နိုင်ငံကလည်း ဒက်ထရွိုက် လေယာဉ်ခရီးစဉ်ကို ဗုံးခွဲဖို့ ကြံစည်မှု၊ တက္ကဆက်ပြည်နယ် ဖို့ဟုဒ်စစ်စခန်းပြဿနာစတဲ့ အမေရိကတိုက်မှာဖြစ်ပေါ်ခဲ့တဲ့ အကြမ်းဖက်လုပ်ရပ်တွေကို စီစဉ်ညွှန်ကြားခဲ့တဲ့ အယ်လ်အော်လာကီလို ယီမင်နွယ်ဖွား အကြမ်းဖက်ခေါင်းဆောင်ကို သတ်ရင်သတ်၊ ဒါမှမဟုတ် ဖမ်းရင်လည်းဖမ်းဆိုတဲ့ စာရင်းထဲမှာ ထည့်သွင်းထားပါ။ ဒါပေမယ့် သူ့ကိုဖမ်းမိခဲ့ရင်ကော အမေရိကန်နိုင်ငံမှာ တရားစီရင်ဖို့ ယီမင်က လွှဲပေးပါ့မလား။ ယီမင်အခြေခံ ဥပဒေအရလုပ်ခွင့် မရှိဘူးလို့ ယီမင်လွှတ်တော်အမတ်တစ်ဦးက ဆိုပါတယ်။

အဲဒီလို အချိန်မှာ ယီမင်အယ်လ်ခိုင်ဒါတွေဟာ ခြေလှမ်းကျဲလာကြပါတယ်။ အောက်တိုဘာ ၁၂ ရက် သတင်းတစ်ပုဒ်မှာဆိုရင် ယီမင်အယ်လ်ခိုင်ဒါဟာ သူတို့ရဲ့ ဒုတိယမြောက် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြတဲ့ မဂ္ဂဇင်းတစ်စောင်ကိုတောင် ထုတ်ဝေလိုက်ပြီလို့ ဆိုထားပါတယ်။ အဲဒီမဂ္ဂဇင်းပါဆောင်းပါးတွေကိုလည်း ကြည့်ပါဦး။ တစ်ပုဒ်က "အမေရိကရဲ့ သစ္စာဖောက်ဖြစ်ရတာ ဂုဏ်ယူစရာပါတဲ့"။

ဗျည်းနွဲ့

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း မောင်တောမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၇

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် အောက်တိုဘာ ၇ ရက် နံနက်ပိုင်းတွင် မောင်တောမြို့နယ် နယ်မြေခံတပ်ဖွဲ့သို့ သွားရောက်၍ တပ်နယ်ခန်းမ၌ တပ်ဖွဲ့ဝင် အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံပြီး စစ်သည် မိသားစုများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ နယ်မြေခံတပ်ဖွဲ့ဝင် စစ်သည်၊ မိသားစုဝင်များ၏ နေအိမ်အဆောက်အအုံ အခြေအနေများ၊ စားပင်၊ သီးနှံပင်များ စိုက်ပျိုးထားရှိမှု အခြေအနေနှင့် စစ်သည် အိပ်ဆောင်နှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မောင်တောမြို့နယ် ဗန္ဓုလ-ကြိမ်ချောင်း-ကျီးကန်းပြင် ကားလမ်းတစ်လျှောက် လမ်း၊ တံတားကြံ့ခိုင်မှု အခြေအနေများနှင့် ကားလမ်းဝဲ၊ ယာတစ်လျှောက် မိုးစပါးစိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် သံလွင်ကြိုးတံတား (တာကော်အက်) ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လားရှိုး-ဟိုယ-တန့်ယန်း-တာကော်အက် ကတ္တရာလမ်းတိုးမြှင့်ပြုပြင်ခြင်းလုပ်ငန်းများနှင့် သံလွင်ကြိုးတံတား(တာကော်အက်) ကြံ့ခိုင်မှု ဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် လားရှိုး- ဟိုယ-တန့်ယန်း-တာကော်အက် ကတ္တရာလမ်း တိုးမြှင့်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် တန့်ယန်း-တာကော်အက်လမ်းပိုင်း တိုးမြှင့်ပြုပြင်ခြင်းလုပ်ငန်းများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သံလွင်ကြိုးတံတား၊ တာကော်အက်ဘက်ခြမ်း တံတားကြံ့ခိုင်မှုနှင့် ပန်ဆန်းဘက်ကမ်း ကြိုးထိန်းခုံနှင့် တံတားကြိုးဆိုင်းများ ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် တန့်ယန်းမြို့ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ရေးကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မိုင်းရယ်မြို့ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ဝန်ကြီးက မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အတွင်းရှိ လမ်းများကို မြေလမ်းမှ ကျောက်လမ်း၊ ကျောက်လမ်းမှ ကတ္တရာလမ်းအဆင့်ထိ တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ဆောင်ရွက်သွားရန်၊ သစ်သားတံတားများကို ကွန်ကရစ်တံတားများအဖြစ် တိုးမြှင့်ဆောင်ရွက်သွားရန်တို့ကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ်ဖြန့်ချီ

ရန်ကုန် အောက်တိုဘာ ၁၇

မြန်မာပို့စ်ဂျာနယ် အတွဲ (၂) အမှတ် (၄၀)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် "ရွေးကောက်ပွဲကြီးနီးပြီမို့ နိုင်ငံရေးပါတီတို့ စည်းရုံးရေးဆင်းကြပြီ"၊ အမှတ် (၂) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ (ဘီးလင်း) နိုင်ငံတကာအဆင့် ရေဒီယယ်တာတာယာ ၁၂ မျိုး စတင်ထုတ်လုပ်ဖြန့်ချိနေပြီ၊ တစ်နှစ်လျှင် တာယာအလုံးပေါင်း သုံးသိန်းထုတ်ရန် ရည်မှန်း" စသည့် မျက်နှာဖုံး သတင်းဆောင်းပါးများ၊ "မြန်မာနိုင်ငံခရီးစဉ်အောင်မြင်မှု ထိုင်းဝန်ကြီးချုပ်ပြောကြား"၊ "မြဝတီနယ်စပ်ဂိတ် မကြာမီ ပြန်ဖွင့်မည်ဟုဆို"၊ "နိုင်ငံပိုင်ယာဉ်မျိုးစုံ ၄၇၉ စီး ဈေးပြိုင်အိတ်ပိတ်ဈေးနှုန်း တင်သွင်းလွှာစနစ်ဖြင့် ရောင်းချမည်" စသည့် သတင်းများနှင့် မောင်စူးစမ်း၊ မောင်ဝံသ၊ မောင်သာနိုး၊ စောရွှေသန်း(အလုံ)၊ မြင့်မောင် (PhilQ) တို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် နိုင်ငံရေးအမြင်များနှင့် စပ်လျဉ်း၍ "နိုင်ငံရေးပါတီများ၏ အငြိမ်းစားဝန်ထမ်းများ အကျိုးခံစားခွင့်နှင့် ပတ်သက်သည့် သဘောထားများ"၊ "အမျိုးသားနိုင်ငံရေး သက်သက်ကိုသာ လုပ်ချင်တဲ့အတွက် တစ်သီးပုဂ္ဂလအနေနဲ့ ဝင်ရောက်အရွေးခံခဲ့တာပါ (လက်ပံတန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးကျော်မြင့်စိုးနှင့် တွေ့ဆုံခြင်း)"၊ "ကျွန်တော်တို့ရပ်တည်ချက် မှန်မှန်ကန်ကန် ပြနိုင်ရန် ပြည်သူလူထုပါဝင်ကူညီကြမယ်လို့ ယုံကြည်"၊ "လာမည့်နိုင်ငံရေး အခင်းအကျင်းတွင် ပြည်သူများတာဝန်ကျေဖို့လို"စသည့် သတင်း၊ သတင်းဆောင်းပါးများ ဖော်ပြပါရှိသည်။

ထို့အပြင် "၂၂ နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ စုစုပေါင်း မီးရထားလမ်းအရှည် နှစ်ဆကျော်မြင့်တက်"၊ "အပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်ရေး သဘောတူညီမှုရရှိရန် မြန်မာအပါအဝင် အာဆီယံနိုင်ငံများ ဆွေးနွေး"၊ "စက္ကူဘိလပ်မြေနှင့် ဆောက်လုပ်ရေးပစ္စည်းများ မြန်မာ့ဈေးကွက်သို့တင်ပို့ရန် ထိုင်းစီးပွားရေးကော်ပိုရေးရှင်းစီစဉ်"၊ "အာရှလယ်ယာ စိုက်ပျိုးရေးကုန်စည်ရောင်းဝယ်မှုဖိုရမ် မြန်မာက အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ်လက်ခံကျင်းပ"၊ "သက်တမ်းကုန်ကျောက်စိမ်းကျောက်မျက်လုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုမည်"၊ "အသည်းကင်ဆာဝေဒနာရှင် ၃၀ ခန့် အခမဲ့ကုသမည်"၊ "မိသားစုဘေးအန္တရာယ်ကင်းရှင်းရေး လက်စွဲစာအုပ် အခမဲ့ဖြန့်ဝေမည်"၊ "ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မိဘအပေါ်ထားရှိသည့် ရင်တွင်းခံစားချက်များ" စသည့် စိတ်ဝင်စားဖွယ်သတင်းများ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

☆ **ရွှေဖုံးမှ**

ရွှေဦးစွာ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) ဖွင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီတွင် အဆိုပါတက္ကသိုလ်ရှေ့၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်တို့က နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

နှံ့သာပက်ဖျန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ ဗိုလ်ချုပ်မြင့်စိုး၊ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများသည် နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)အတွင်း သတင်းအချက်အလက်နှင့် နည်းပညာမဟာဌာန အောက်ရှိ သင်ကြားမှု၊ သင်ယူမှုလက်တွေ့ခန်းများအတွင်း ခေတ်မီသင်ထောက်ကူဆက်သွယ်ရေးစနစ်များ အသုံးပြု၍ သင်ကြားနေမှုကို ကြည့်ရှုလေ့လာကြရာ တာဝန်ခံဆရာ၊ဆရာမများကသက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)၏ Conference Hall ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် သမိုင်းတွင်မည့် နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)ကို ဖွင့်လှစ်သည့်နေ့ဖြစ်သဖြင့် ဂုဏ်ကျက်သရေဖြင့် အထူးပြည့်စုံသောနေ့ဖြစ်ကြောင်း၊ မျက်မှောက်ကာလကမ္ဘာကြီးသည် အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲ သစ်ဆန်းနေသကဲ့သို့ ကမ္ဘာတစ်ဝန်း၌ သတင်းအချက်အလက်နည်းပညာရပ်များ စဉ်ဆက်မပြတ် တိုးတက်မြင့်မားလျက်ရှိကြောင်း၊ အဆင့်မြင့်ဆက်သွယ်ရေးနည်းပညာများသည်လည်း တိုးတက်လာသည့်အတွက် ကမ္ဘာတစ်ဝန်းရင်ပေါင်တန်းနိုင်ရန် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များ၊ အီလက်ထရွန်နစ်ဆိုင်ရာ အဆင့်မြင့် အင်ဂျင်နီယာဘာသာရပ်များ၏ အခန်းကဏ္ဍသည် အထူးအရေးပါလျက်ရှိကြောင်း။

IT နည်းပညာကြောင့် ယနေ့ကမ္ဘာကြီးသည် ကမ္ဘာ့ရွာ(Global Village) ဖြစ်လာသကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သဘောထား အယူအဆများလည်း ပြောင်းလဲလာခဲ့ကြောင်း၊ ယခင်က လုပ်အားကို အခြေပြုသော Labour Intensive Industry ဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခဲ့ကြသော်လည်း ယနေ့ခေတ်အခါတွင် မည်မျှသုံးသုံး ကုန်ခန်းသွားခြင်းမရှိနိုင်သော အရင်းအမြစ်ဖြစ်သည့် IT နည်းပညာကို အခြေပြု၍ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းကြဲဆောင်လာကြကြောင်း၊ ထို့ကြောင့်လည်း IT နည်းပညာကိုအခြေခံ၍ ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံအများအပြား ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပြီး IT Out-Sourcing များဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးရယူနိုင်ခဲ့ကြခြင်းဖြစ်သဖြင့် အားကျအတုယူ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နည်းပညာရပ်များ

ခေတ်မီနိုင်ငံကြီးတစ်ခုဖြစ်ရန် အီလက်ထရွန်နစ်နှင့် စက်မှုပိုင်းဆိုင်ရာ ပေါင်းစပ်နည်းပညာရပ်များသည် အရေးကြီးသကဲ့သို့ အဆင့်မြင့်အီလက်ထရွန်နစ်ဒြပ်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် သတ္တုနှင့် သတ္တုစပ်များ၊ ဒြပ်ပစ္စည်းများကို နာနိုကဲ့သို့သော အနုစိတ်သိပ္ပံပညာရပ်များ အခြေခံသည့် အဆင့်မြင့်ဒြပ်ပစ္စည်း ထုတ်လုပ်မှုဆိုင်ရာ နည်းပညာရပ်များဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည်လည်း မဝေးတော့သည့် အနာဂတ်တွင် စက်မှုနိုင်ငံအဆင့်သို့ တက်လှမ်းနိုင်ရေး ကြိုးပမ်းဖော်ဆောင်နေသည့်အတွက် စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်မပျက် ဆောင်ရွက်ရင်း ခေတ်မီစက်မှုနိုင်ငံအဖြစ် ထူထောင်သွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန်တွင် ခေတ်မီစက်မှုနိုင်ငံတစ်နိုင်ငံ၏ အစခရီးကို စတင်လျှောက်လှမ်းနိုင်ခဲ့ပြီး ဆက်လက်တိုးတက်ဖွံ့ဖြိုးလာမည့် အလားအလာကောင်းများကို ပိုင်ဆိုင်နေပြီဖြစ်သဖြင့် နောင်အနာဂတ်တွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံတော်အဖြစ်ကို မလွဲမသွေ ရောက်ရှိတော့မည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွား ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ် ရောက်ရှိစေရေးအတွက် သာမန်စက်မှုကုန်ထုတ်လုပ်မှု အဆင့်မှ IT နည်းပညာအခြေခံ ကုန်ထုတ်လုပ်မှု အဆင့်သို့ တိုးတက်ပြောင်းလဲနိုင်ရန်လည်း နိုင်ငံတော်အပိုင်းက အားပေးမြှင့်တင်လျက်ရှိကြောင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စနစ်တကျစီမံချမှတ်ဆောင်ရွက်လျက် အားပေးမြှင့်တင်ရင်း အဆင့်မြင့် စက်မှုနှင့်နည်းပညာများပိုင်ဆိုင်နိုင်အောင် ရည်မှန်းကြိုးစားလျက်ရှိကြောင်း၊ ဤရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် အဆင့်မြင့်ကုန်ပစ္စည်းများ ထုတ်လုပ်ပေးနိုင်သော ထုတ်လုပ်ရေးအင်ဂျင်နီယာများ၊ ပစ္စည်းသစ်များ တီထွင်ထုတ်လုပ်ပေးနိုင်သော အင်ဂျင်နီယာများနှင့် အင်ဂျင်နီယာသုတေသီများ အလျင်အမြန် မွေးထုတ်ပေးရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့အပြင် **တိုးတက်ပြောင်းလဲနေသော နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့်အညီ နိုင်ငံအတွင်းရှိ နည်းပညာတက္ကသိုလ်များကို အာဆီယံ ထိပ်တန်းနည်းပညာတက္ကသိုလ်အဆင့်သို့ အချိန်တိုအတွင်း ရောက်ရှိဖို့ရန်လည်း ရည်မှန်းဆောင်ရွက်လျက်ရှိ**ကြောင်း၊ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် စိုက်ပျိုးရေးကဏ္ဍကို အရှိန်မပျက်စေဘဲ အနာဂတ်စက်မှုနိုင်ငံထူထောင်ရေးအတွက် အဆင့်မြင့်နည်းပညာများကို ကျွမ်းကျင်တတ်မြောက်သည့် ပညာရှင်များ မွေးထုတ်ပေးနိုင်ရန်နှင့် အဆင့်မြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မည့် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)ကို ယခုကဲ့သို့ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

သုတေသနအခြေပြု

နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)သည် နိုင်ငံတကာတက္ကသိုလ် အသီးသီး၌ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထား သင်ကြားပေးလျက်ရှိသည့် ခေတ်မီအဆင့်မြင့် ICT နည်းပညာရပ်များ၊ အီလက်ထရွန်နစ်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များ၊ တိကျစက်ပစ္စည်းထုတ်လုပ်ရေးပညာရပ်များနှင့် အဆင့်မြင့်ဒြပ်ပစ္စည်းထုတ်လုပ်ရေး ပညာရပ်များကို သုတေသနအခြေခံပြီး ပစ္စည်းသစ်များ တီထွင်ထုတ်လုပ်နိုင်အောင် လေ့ကျင့်သင်ကြားပေးသွားမည့် သုတေသနအခြေပြု တက္ကသိုလ်တစ်ခုလည်းဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် အဓိကလိုအပ်လျက်ရှိသည့် အဆင့်မြင့် IT ပညာရှင်များ၊ ဆက်သွယ်ရေးနှင့် ခေတ်မီစက်ကိရိယာထိန်းချုပ် အီလက်ထရွန်နစ်ပညာရှင်များ၊ အဆင့်မြင့်စက်ပစ္စည်းထုတ်လုပ်မှုနှင့် အရည်အသွေးထိန်းချုပ်မှုဆိုင်ရာ ပညာရှင်များ၊အဆင့်မြင့်ဒြပ်ပစ္စည်းထုတ်လုပ်ခြင်းနှင့် အရည်အသွေးမြင့်တင်ရေး နည်းပညာရှင်များ၊ နာနိုနည်းပညာသုံးပစ္စည်းများ ထုတ်လုပ်ရေးဆိုင်ရာ ပညာရှင်များ စတင်မွေးထုတ်ပေးနိုင်တော့မည်ဖြစ်ကြောင်း။

ဤသို့ မွေးထုတ်ပေးနိုင်ရန်အတွက် (၁) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာမဟာဌာန၊ (၂) တိကျစက်ပစ္စည်းထုတ်လုပ်ရေး အင်ဂျင်နီယာမဟာဌာန၊ (၃) အီလက်ထရွန်နစ် အင်ဂျင်နီယာမဟာဌာန၊ (၄)အဆင့်မြင့်ဒြပ်ပစ္စည်း အင်ဂျင်နီယာမဟာဌာန ဟူသော အင်ဂျင်နီယာမဟာဌာနကြီးလေးခု ဖွဲ့စည်းထားရှိပြီး အဆိုပါဌာနကြီး လေးခုအောက်၌ သုတေသနလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် သုတေသနဌာန ၁၅ ခုကိုပါ ဖွဲ့စည်းထားရှိသဖြင့် နိုင်ငံတော်အတွက် အလွန်အရေးပါသော ကဏ္ဍတစ်ခုအဖြစ် စွမ်းဆောင်နိုင်မည်ဖြစ်ကြောင်း။

ဆန်းသစ်တီထွင်

နိုင်ငံတကာ၏ နည်းပညာတက္ကသိုလ်များကို ကြည့်မည်ဆိုလျှင် ပညာရေးကဏ္ဍတွင် နိုင်ငံတကာနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ သုတေသနဆန်းသစ်တီထွင်မှုများကို အဓိကထားပြီး ကြိုးပမ်းဆောင်ရွက်အောင်မြင်နေသည်ကို တွေ့ရကြောင်း၊ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ စင်ကာပူ စသည့်နိုင်ငံများကလည်း ခေတ်မီနည်းပညာရပ်များကို ကျွမ်းကျင်သည့်နည်းပညာရှင်များပေါ်ထွက်လာရေး တစ်ရှိန်ထိုး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဆန်းသစ်တီထွင်မှုများဖြင့် ကမ္ဘာ့ပညာရေးနယ်ပယ်တွင် ထိုးဖောက်နိုင်သော အာရှ၏ ဦးဆောင်သုတေသနအခြေပြု တက္ကသိုလ်များ ပေါ်ထွန်းလျက်ရှိကြောင်း၊ ကျောင်းသားအပြန်အလှန် စေလွှတ်ရေးအစီအစဉ်များ၊ သုတေသန ဆောင်ရွက်မှုများမှတစ်ဆင့် ကမ္ဘာ့အဓိကအဖွဲ့အစည်းများနှင့် ဆက်သွယ်

စာမျက်နှာ ၇ ကော်လံ ၁ သို့



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)အတွင်း သတင်းအချက်အလက်နှင့် နည်းပညာမဟာဌာနအောက်ရှိ သင်ကြားမှု၊ သင်ယူမှုလက်တွေ့ခန်းများ၌ ခေတ်မီသင်ထောက်ကူဆက်သွယ်ရေးစနစ်များအသုံးပြု၍ သင်ကြားနေမှုကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ ဝန်ကြီး ဦးသောင်းနှင့် ဝန်ကြီး ဦးသိန်းဇော်တို့ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတကာတွင် အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိနိုင်ရန် အဆင့်မြင့်နည်းပညာရှင်များ မွေးထုတ်ပေးမည့် နည်းပညာတက္ကသိုလ်ကြီးတစ်ခုကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်၏ ရတနာပုံအင်တာနက်အိတ်ချိန်း၊ ရတနာပုံ Web Portal နှင့် Tripple Play Soft Switch များ ဖွင့်ပွဲ အခမ်းအနားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

❒ စာမျက်နှာ ၆ မှ

ဆောင်ရွက်လျက်ရှိကြကြောင်း၊ ခေတ်မီစက်မှုနိုင်ငံဆီသို့ မျှော်မှန်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မိမိတို့နိုင်ငံအနေဖြင့်လည်း **နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ၊ သုတေသနအခြေပြု လုပ်ဆောင်မှုများနှင့်အတူ ခေတ်မီနည်းပညာရပ်များကို တတ်မြောက်သည့် မျိုးဆက်သစ် ကုန်ထုတ်လုပ်ရေး အင်ဂျင်နီယာများ မွေးထုတ်နိုင်ဖို့ အထူးအလေးထားဆောင်ရွက်**ကြရမည် ဖြစ်ကြောင်း။

နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရာ၌ ယခင်က မြန်မာတစ်နိုင်ငံလုံး အင်ဂျင်နီယာဘွဲ့ အပ်နှင်းနိုင်သည့် နည်းပညာတက္ကသိုလ်တစ်ကျောင်းသာ ရှိခဲ့ရာမှ တပ်မတော်အစိုးရတာဝန်ယူပြီး နောက်ပိုင်းကျမှသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါဆုံးဖြစ်သည့် ခေတ်မီနည်းပညာဆိုင်ရာ အတတ်ပညာများကို လေ့ကျင့်သင်ကြားပေးနိုင်သော နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းများနှင့် ကွန်ပျူတာတက္ကသိုလ်များကို ပြည်နယ် ဒေသမကျန် နိုင်ငံတစ်ဝန်းလုံး၌ ဖြန့်ကြက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခု မွေးထုတ်ပေးမည့် နည်းပညာတက္ကသိုလ်ကြီးတစ်ခုကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဤအခွင့်အလမ်းကောင်းကို အကျိုးရှိရှိ အသုံးချတတ်ရန်လိုအပ်ကြောင်း၊ မျိုးဆက်သစ်များအတွက် အဖိုးတန်သည့် မျိုးစေ့ကောင်းတစ်ခု ချပေးခဲ့ခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရှင်များကို ပြုစုပျိုးထောင်ခဲ့ရာတွင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအသီးသီးတွင် တက်ရောက်သင်ကြားခဲ့ကြသည့် ငယ်ရွယ်ပြီး ထက်မြက်သည့် အင်ဂျင်နီယာပါရဂူဘွဲ့ရများနှင့် IT နည်းပညာရှင် အများအပြား မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ဤလူ့စွမ်းအားအရင်းအမြစ်များနှင့် နိုင်ငံ



တကာ အတွေ့အကြုံများပေါင်းစပ်၍ နိုင်ငံအတွင်း၌ ယခုကဲ့သို့ လက်တွေ့အသုံးချ သုတေသနများနှင့် ချိတ်ဆက်တတ်မြောက်စေမည့် အထင်ကရနည်းပညာတက္ကသိုလ်တစ်ခု ပေါ်ထွက်လာနိုင်ခဲ့ပြီဖြစ်ကြောင်း။

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် Corporate College များ၊ Corporate University များသည် အဆင့်မြင့်ပညာရေးကဏ္ဍတွင် အလျင်မြန်ဆုံး ပြောင်းလဲမှုတွင် မိမိတို့နိုင်ငံအနေဖြင့်လည်း နောက်ကျမကျန်ခဲ့စေဖို့ရန် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)ကို ဖွင့်လှစ်ပြီး နိုင်ငံတကာတက္ကသိုလ်များ၊ Corporate College များ၊ Corporate University များနှင့် ပူးပေါင်းဆက်သွယ် ဆောင်ရွက်သွားမည်ဖြစ်သဖြင့် **နောင် မျိုးဆက်သစ်အင်ဂျင်နီယာများ၊ နည်းပညာရှင်များအနေဖြင့် နိုင်ငံတကာအသိအမှတ်ပြု Joint Certificate များ ရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံတကာတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာတော့မည်**ဖြစ်ကြောင်း။

နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်သည် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံထူထောင်ရေးဖြစ်သည့်အတွက် ယနေ့ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည့် အချိန်ကို ရောက်ရှိနေပြီ ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများသည် ဘွဲ့ရပြီးသည်နှင့် ကိုယ်ပိုင်လုပ်ငန်းများ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ အစိုးရဌာနများ စသည့် လုပ်ငန်းခွင်အသီးသီးကို ဝင်ရောက်ကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အင်ဂျင်နီယာများ၊ ကွန်ပျူတာ

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက e-Cinema နှင့် စပ်လျဉ်းသည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

လည်း နိုင်ငံတကာ တက္ကသိုလ်များနည်းတူ သုတေသနကိုအခြေခံပြီး နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်သင်ကြားပေးပြီး နိုင်ငံတကာတွင် အလုပ်အကိုင် အခွင့်အလမ်းကောင်းများရရှိနိုင်ရန် အဆင့်မြင့် နည်းပညာရှင်များကို တိုးတက်သည့် နိုင်ငံအသီးသီးတွင် တက်ရောက်သင်ကြားခဲ့ကြသည့် ငယ်ရွယ်ပြီး ထက်မြက်သည့် အင်ဂျင်နီယာပါရဂူဘွဲ့ရများနှင့် IT နည်းပညာရှင် အများအပြား မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ဤလူ့စွမ်းအားအရင်းအမြစ်များနှင့် နိုင်ငံတိုးတက်နေသည့် အခန်းကဏ္ဍ၌ ပါဝင်နေကြပြီး ၎င်းတို့ အရေအတွက်များသည် လွန်ခဲ့သည့် ဆယ်စုနှစ်ထက် နှစ်ဆကျော် များပြားလာသည်ကို တွေ့ရကြောင်း၊ တရုတ်နိုင်ငံမှ Huawei Technologies Company၊ အိန္ဒိယနိုင်ငံမှ Infosys Company တို့သည်လည်း Corporate University ဖွင့်လှစ်ပြီး တိုးတက်အောင်မြင်မှုများ ရရှိနေကြကြောင်း၊ ယခုကဲ့သို့ ကမ္ဘာ့နိုင်ငံအသီးသီး၏ စက်မှုနည်းပညာဆိုင်ရာ ပြုပြင်

နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)အတွင်း သတင်းအချက်အလက်နှင့် နည်းပညာမဟာဌာနအောက်ရှိ သင်ကြားမှု၊ သင်ယူမှု လက်တွေ့ခန်းများ၌ ခေတ်မီသင်ထောက်ကူ ဆက်သွယ်ရေးစနစ်များအသုံးပြု၍ သင်ကြားသင်ယူနေမှုကို တွေ့ရစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရှင်များကို ပြုစုပျိုးထောင်ခဲ့ရာတွင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအသီးသီးတွင် တက်ရောက်သင်ကြားခဲ့ကြသည့် ငယ်ရွယ်ပြီး ထက်မြက်သည့် အင်ဂျင်နီယာပါရဂူဘွဲ့ရများနှင့် IT နည်းပညာရှင် အများအပြား မွေးထုတ်ပေးနိုင်ခဲ့၊ ဤလူ့စွမ်းအား အရင်းအမြစ်များနှင့် နိုင်ငံတကာအတွေ့အကြုံများ ပေါင်းစပ်၍ နိုင်ငံအတွင်း၌ ယခုကဲ့သို့ လက်တွေ့အသုံးချ သုတေသနများနှင့် ချိတ်ဆက်တတ်မြောက်စေမည့် အထင်ကရနည်းပညာတက္ကသိုလ်တစ်ခု ပေါ်ထွက်လာနိုင်ခဲ့ပြီဖြစ်။

နိုင်ငံတော်၏ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးအတွက် စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍများ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်အောင် တည
နိုင်ငံတော်၏ ရေ၊ မြေ သဘာဝသယံဇာတများနှင့် အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါင်းစပ်ပြီး နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးအေ

✻ စာမျက်နှာ ၇ မှ

ပညာရှင်များသည် နိုင်ငံတကာအထိ ထိုးဖောက်လုပ်ကိုင်ကြရမည်ဖြစ်သည့်အတွက် သုတေသနပိုင်းဆိုင်ရာ လက်တွေ့အတတ်ပညာများကို ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်ရန် လိုအပ်ကြောင်း။

သိပ္ပံနှင့် နည်းပညာနယ်ပယ်၌ နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မည့် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) ထပ်တိုးလာ

❍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သဖြင့် အတတ်ပညာနှင့် ယှဉ်သည့် တိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါ။

❍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အောင်မြင်လျက်ရှိသည့် စိုက်ပျိုးရေးနိုင်ငံမှသည် ခေတ်မီစက်မှုနိုင်ငံဆီသို့ အမြန်ဆုံး လျှောက်လှမ်းနိုင်ရေး မွေးထုတ်ပေးကြပါဟု တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)အောက်ထပ်ရှိ ရှင်းလင်းဆောင်၌ ဝန်ကြီး ဦးသိန်းဇော်က ရတနာပုံမြို့သစ်တည်ဆောက်ရေး စီမံကိန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဆက်သွယ်ရေးစက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု၊ လျှပ်စစ်ဓာတ်အား ရရှိရေး ဆောင်ရွက်ထားရှိမှု၊ ရေရရှိရေး စီမံဆောင်ရွက်ထားရှိမှုနှင့် အနားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ တည်ဆောက်ရာတွင် နိုင်ငံတစ်ဝန်း အေးချမ်းတည်ငြိမ်ရေး၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးများ ဖွံ့ဖြိုးတိုးတက်ရေးသည် လူသား အရင်းအမြစ်များ လေ့ကျင့်ပျိုးထောင်ရေးအတွက် လွန်စွာအရေးကြီးကြောင်း၊ ထို့ကြောင့် သတင်းအချက်အလက် ဆက်သွယ်မှုနည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ကြီးမားသော အခန်းကဏ္ဍက အထောက်အကူပြုပေးနိုင်အောင် နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသည့် လမ်းညွှန်ချက်နှင့် အညီ

နိုင်ငံတော်အနေဖြင့် ICT Industry လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံလုပ်ငန်းရပ်များအနက် တစ်ခုအပါအဝင်ဖြစ်သည့် Telecommunication Infrastructure များကို စီမံကိန်းများ စနစ်တကျချမှတ် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆက်သွယ်ရေး ဆက်ကြောင်းများ တည်ဆောက်နိုင်မှု အပိုင်းကို ကြည့်လျှင် နိုင်ငံတော်တစ်ဝန်းလုံးတွင် Fiber Optic ကေဘယ်အရှည် ကီလိုမီတာ ၁၀၀၀၀ ကျော်ကို ဖြန့်ကြက် နိုင်ငံကို ဖြတ်သန်းချိတ်ဆက်ထားသည့် SEA-ME-WE 3 (South East Asia-Middle East-Western Europe 3) ရေအောက်ကေဘယ်လ် ဆက်သွယ်ရေးစနစ်၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ်များနှင့် ချိတ်ဆက်အသုံးပြုထားသည့်အပြင် အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ဖြတ်ကျော် ဆက်သွယ်ရေး ဆက်ကြောင်း၊ (Cross-Border Transmission Link) များမှတစ်ဆင့်လည်း ချိတ်ဆက်ထားကြောင်း၊ လက်ရှိ

ကြည့်ရှုအားပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရတနာပုံ ဆိုင်ဘာခန်းမအတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (ဝဲပုံ၊ ယာပုံနှင့် အောက်ပုံ) (သတင်းစဉ်)

သည့်အတွက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်တွင် အစိုးရနည်းပညာအထက်တန်းကျောင်း ၃၆ ကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ ၁၂ ကျောင်း၊ အစိုးရနည်းပညာကောလိပ်လေးကျောင်း၊ နည်းပညာတက္ကသိုလ် ၃၁ ကျောင်း၊ ကွန်ပျူတာတက္ကသိုလ် ၂၅ ကျောင်း၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တစ်ကျောင်း အပါအဝင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းစုစုပေါင်း ၁၀၉ ကျောင်း အထိရှိလာပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ သိပ္ပံနှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အားရလောက်သည့် အနေအထားကို ပိုင်ဆိုင်နေပြီဖြစ်သည့်အတွက် နောင်အနာဂတ်တွင် အဆင့်မြင့်စက်မှုနှင့် နည်းပညာရှင်များကို လေ့ကျင့် မွေးထုတ်ပေးနိုင်တော့မည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ -

ဝိုင်းဝန်း ပါဝင်ဆောင်ရွက်သွားကြပါ။

❍ မိမိနိုင်ငံ၏ အသိပညာ၊ အတတ်ပညာ နောက်ကျမကျန်ရစ်မှုကို ပြသသည့်အနေဖြင့်နည်း ပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)မှ လေ့ကျင့်သင်ကြားပေးလိုက်သည့် အဆင့်မြင့်နည်းပညာရှင် အင်ဂျင်နီယာများ၊ အဆင့်မြင့် သုတေသနပညာရှင်များ၏ ကာယ၊ ဉာဏစွမ်းပကားတို့ဖြင့် အမိနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံတော်အဖြစ်သို့ မြှင့်တင်ပို့ဆောင်ပေးကြပါ။

❍ ပညာရပ်ဆိုင်ရာ တတ်ကျွမ်းရုံသာမက အကျင့်စာရိတ္တကောင်းမွန်ပြီး စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ရှိသူများကို နိုင်ငံတော်အတွက် လိုအပ်နေသည် ဖြစ်သဖြင့် အမိနိုင်ငံကို ချစ်မြတ်နိုးပြီး ထူးချွန်ထက်မြက်သည့် ပညာရှင်များဖြစ်လာအောင် လေ့ကျင့် ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများနှင့် လုပ်ကိုင်သည့် လုပ်ငန်းအမျိုးအစား အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်က နိုင်ငံတော်၏ ဆက်သွယ်ရေးဆိုင်ရာ ဦးတည်ချက်များနှင့်အညီ ဆက်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ နည်းပညာလုံခြုံမှု၊ လူနှင့်ပစ္စည်းလုံခြုံမှုတို့ကို ဂရုပြုအလေးထားဆောင်ရွက်ရန် မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် နံနက် ၁၀ နာရီခွဲတွင် ရတနာပုံနည်းပညာမြို့သစ်ရှိ ရတနာပုံဆိုင်ဘာခန်းမ၌ ကျင်းပသည့် ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်၏ ရတနာပုံ အင်တာနက်အိတ်ချိန်း၊ ရတနာပုံ Web Portal နှင့် Tripple Play Soft Switch များ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။ ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်က အခမ်း

မရှိမဖြစ်လိုအပ်ကြောင်း၊ ယနေ့ကာလတွင် ယခင်မည်သည့်ကာလများနှင့်မျှ မတူသော အေးချမ်းတည်ငြိမ်မှုကို နိုင်ငံတော်တစ်ဝန်းလုံးတွင် တည်ဆောက်ထားနိုင်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးအတွက်လည်း စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍများကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်လျက်ရှိကြောင်း၊ အရှိန်ရနေပြီဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်မပျက် ဆက်လက် ဖွံ့ဖြိုးတိုးတက်နေအောင် ဆောင်ရွက်ရင်း တစ်ချိန်တည်းမှာပင် စက်မှုကဏ္ဍအပါအဝင် ဘက်စုံ ကဏ္ဍစုံ လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာစေရန် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ ရေ၊ မြေသဘာဝ သယံဇာတများနဲ့ အရည်အချင်း၊ အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များကို ပေါင်းစပ်ပြီး နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ရဲ့ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍကို ကြည့်လျှင် ယနေ့ကာလလို သတင်းအချက်အလက်ခေတ် (Information Age) တွင် နိုင်ငံတော်၏ ICT ကဏ္ဍ

ရတနာပုံဆိုင်ဘာမြို့တော်ကို တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း။

ယနေ့မနက်ပိုင်းက ဖွင့်လှစ်ခဲ့သည့် နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး) ကိုလည်း နိုင်ငံတော်အတွက် အရည်အချင်းပြည့်ဝသည့် နိုင်ငံ့သားကောင်း လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပြီး Knowledge Based Industry ကြီးများ ထူထောင်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို သယ်ပိုးဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း။

တည်ဆောက်ထားပြီး ဖြစ်သကဲ့သို့ ဒစ်ဂျစ်တယ်မိုက္ကရိုဝေ့ဗ် စခန်းပေါင်း ၃၃၅ ခု၊ IP မိုက္ကရိုဝေ့ဗ် စခန်းပေါင်း ၇၅ ခုကိုလည်း တည်ဆောက်ထားပြီး ဖြစ်ကြောင်း၊ ဖိုင်ဘာနှင့် မိုက္ကရိုဝေ့ဗ်စနစ်များ မရောက်ရှိနိုင်သေးသော နေရာဒေသများအတွက် VSAT IPSTAR၊ i-Direct စသည့် ဂြိုဟ်တုဆက်သွယ်မှုစနစ်များ အသုံးပြုတည်ဆောက်ပေးထားပြီး ဖြစ်ကြောင်း။

နိုင်ငံတကာနှင့် ဆက်သွယ်မှု ကိစ္စရပ်များအတွက်လည်း နိုင်ငံပေါင်း ၃၄

အခြေအနေတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံများနှင့် နယ်စပ်ဖြတ်ကျော် ဆက်သွယ်ရေးဆက်ကြောင်းများ တိုးချဲ့တည်ဆောက်ဖွင့်လှစ်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်၏ ICT လုပ်ငန်းများကလည်း အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်ကြောင်း။

၎င်း Infrastructure များ ပေါ်ကနေ ပြည်သူများအနေဖြင့် တယ်လီဖုန်းနှင့် ဖက်စ်ဆက်သွယ်မှုများအပြင် IP ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ADSL၊

ယနေ့ဖွင့်လှစ်သည့် ရတနာပုံ IXP၊ ရတနာပုံ Web Portal နှင့် Tripple Play များသည် နိုင်ငံတော်၏ ICT နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ခရီးလမ်းကြောင်းတွင် အဆင့်တစ်ဆင့်ကို အောင်မြင်စွာ ဖြတ်သန်းနိုင်ခဲ့ခြင်းအဖြစ် သတ်မှတ်ရမည်ဖြစ်ကြောင်း၊ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကတစ်ဆင့် ပြည်သူများ၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဘက်ပေါင်းစုံတွင် အဆင့်မြင့်တိုးတက်လာရေး၊ လူမှုစီးပွားရေးဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူဖြစ်စေမည်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၈-၁၀-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင် သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၅။ မျိုးချစ်တပ်မတော်
၄း၄၅ ၆။ စိုက်ပျိုးသုတ
၄း၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅း၃၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-မိုးသောက်ကြယ်(အပိုင်း-၂၇)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်
၆း၄၀ ၁၃။ သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ်လှည်းကလေး (အပိုင်း-၆၀)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်
၁၈။ ဘယ်လိုမဲပေးကြမှာလဲ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ Talk Of The Town
၂၂။ မေးမြန်းစူးစမ်း
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာကြားက သိုင်းသမား(အပိုင်း-၂၅)**
၂၅။ Mini Series
၂၆။ သင့်အတွက်မနက်ဖြန်
၂၇။ အပိတ်နှုတ်ဆက်စကား
၂၈။ ပြီးပါပြီ။

ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိ
...ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးအောင် တည်ဆောက်

Indus- ...က်လာ ...အနက် ...ecom- ...များကို ...ဆောင် ...ယ်ရေး ...က်နိုင်မှု ...တစ်ဝန်း ...အရှည် ...န့်ကြက်

နိုင်ငံကို ဖြတ်သန်းချိတ်ဆက်ထားသည့် SEA-ME-WE 3 (South East Asia-Middle East-Western Europe 3) ရေအောက်ကေဘယ်လ် ဆက်သွယ်ရေးစနစ်၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ်များနှင့် ချိတ်ဆက်အသုံးပြုထားသည့်အပြင် အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ဖြတ်ကျော် ဆက်သွယ်ရေး ဆက်ကြောင်း၊ (Cross-Border Transmission Link) များမှတစ်ဆင့်လည်း ချိတ်ဆက်ထားကြောင်း၊ လက်ရှိ Wifi၊ WiMAX Wireless Broad Band စနစ်များဖြင့် လက်ရှိ အသုံးပြုနေကြခြင်းဖြစ်ကြောင်း၊ ယနေ့ ဖွင့်လှစ်လိုက်သော ရတနာပုံ IXP၊ ရတနာပုံ Web Portal နှင့် Tripple Play Soft Switch များသည် IP ဝန်ဆောင်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မရှိမဖြစ်လိုအပ်ချက်များကို အခြေခံကျကျ ဖြည့်ဆည်းဆောင်ရွက်ပေးလိုက်ခြင်းပင် ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရတနာပုံ နည်းပညာမြို့သစ်ရှိ Elite Tech Manufacturing Co.,Ltd. ၏ စက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

လူငယ်များ၊ ပညာရပ်အသီးသီးကို လေ့လာ စူးစမ်းနေကြသူများ၊ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရယူလိုသူများအားလုံးအတွက် သတင်းအချက်အလက်များ ရှာဖွေရာတွင် ပြည်ပ Website များကို အားကိုးနေစရာ မလိုတော့ဘဲ မြန်မာဘာသာဖြင့် ကဏ္ဍပေါင်းစုံစုံလင်လင် ပေါင်းစုဖွဲ့စည်း တည်ဆောက်ပေးထားသည့် ရတနာပုံ Web Portal ကနေ ပြည်တွင်း Website များ၊ နိုင်ငံတကာ Website များကို လွယ်လင့်တကူ ရှာဖွေ ကြည့်ရှုအသုံးချနိုင်တော့မည် ဖြစ်ကြောင်း။

ယနေ့ကမ္ဘာပေါ်တွင် နောက်ဆုံးပေါ် ICT နည်းပညာများအနက် တစ်ခုအပါအဝင်ဖြစ်သည့် Tripple Play ဝန်ဆောင်မှုမှာ အင်တာနက်ဝန်ဆောင်မှုနှင့် ပြန်ကြားရေး၊ ဆက်သွယ်ရေး လုပ်ငန်းများကို ပေါင်းစုအသုံးပြုထားသည့် ဝန်ဆောင်မှုလုပ်ငန်း ဖြစ်ကြောင်း၊ အင်တာနက်၊ တယ်လီဖုန်းနှင့် Video လာရေး၊ လူမှုစီးပွားရေးဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာ အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သော လုပ်ငန်းသုံးခုသည် တစ်ခုနှင့် တစ်ခု အပြန်အလှန် ဆက်စပ်အထောက်အကူပြုနေပြီး ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များလည်း ဖြစ်ကြောင်း၊ လက်ရှိ တည်ဆောက်ထားပြီးလုပ်ငန်းများကို အခြေခံပြီး ပြည်သူများအတွက် ICT ဝန်ဆောင်မှုလုပ်ငန်းများကို ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ရတနာပုံတယ်လီပို့၊ အသိပညာရှင် အတတ်ပညာရှင်များ၊ လုပ်ငန်းရှင်များ အားလုံးက ဝိုင်းဝန်းပူးပေါင်းပြီး နိုင်ငံတော်၏ ICT လုပ်ငန်းများ ကုမ္ပဏီ၏ e-Cinema ပြခန်းကို ကြည့်ရှုအားပေးရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက e-Cinema နှင့် စပ်လျဉ်းသည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရတနာပုံဆိုင်ဘာခန်းမရှေ့၌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာသုတေသနဌာန (ပြင်ဦးလွင်) ပြခန်းများအတွင်း ပြသထားသော ကားအင်ဂျင်နှင့် ဂီယာဘောက် သုတေသနလုပ်ငန်းများ၊ 22 HP တစ်လုံးထိုးအင်ဂျင်သုံးလက်တွန်းလယ်ယာထွန်စက် သုတေသနလုပ်ငန်း၊ (၆) မဂ္ဂါဝပ် ရေအားလျှပ်စစ်တာဘိုင် ထုတ်လုပ်ရန် လိုအပ်သည့် စက်ပစ္စည်း အစိတ်အပိုင်းများနှင့် မြင်းကောင်ရေ ၂၀၀၀ အား မီးရထားအင်ဂျင်စက် အစိတ်အပိုင်းများ သုတေသနပြုဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဦးသောင်းက လိုက်လံရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ရွှေသံလွင်မီဒီယာကုမ္ပဏီ၏ SKY NET Multi Play (Mobile Terminal) ဖြင့် TV၊ အင်တာနက်၊ တယ်လီဖုန်း အသုံးပြု ပြသမှုနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ ဆက်သွယ်ရေး မော်တော်ယာဉ်ဖြင့် ဆက်သွယ်ရေးလုပ်ငန်းများ ရွှေ့လျားဆောင်ရွက်နိုင်သည့် အခြေအနေပြသမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရတနာပုံနည်းပညာမြို့သစ်ရှိ Elite Tech Manufacturing Co., Ltd. ၏ စက်ရုံသို့ ရောက်ရှိပြီး CDMA- 800 နှင့် CDMA-450 Top-Up Card များ ထုတ်လုပ်မှုနှင့် BBU 3900 (Baseband Unit of BTS) များ ထုတ်လုပ်မှု၊ BTS 3606 CE (CDMA 450 MHZ) 4th Generation တို့ ထုတ်လုပ်မှုကို လည်းကောင်း၊ ရတနာပုံဖိုင်ဘာကုမ္ပဏီလီမိတက်စက်ရုံတွင် ဖိုင်ဘာကြိုးများ ပြုလုပ်နေမှုကို လည်းကောင်း ကြည့်ရှုလေ့လာသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ASIA MEGA LINK Co.,Ltd. ၏ စက်ရုံသို့ ရောက်ရှိပြီး ဆိုလာပြားနှင့် ဆိုလာကွန်ထရိုလာများ ထုတ်လုပ်နေမှုနှင့် ဖုန်းနှင့် အိတ်ချိန်း ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုလေ့လာသည်။

(သတင်းစဉ်)

ရတနာပုံ IXP (Internet Exchage Point) သည် ပြည်သူများကို အင်တာနက်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးမည့် ISP (Internet Service Provider) များ လုပ်ငန်းဆောင်ရွက်နိုင်စေရန်အတွက် လိုအပ်သည့်အင်တာနက် စက်ပစ္စည်းများ တပ်ဆင်ထားသော



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရတနာပုံဖိုင်ဘာကုမ္ပဏီလီမိတက် စက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

...ကဲ့သို့ ...းပေါင်း ...းပေါင်း ...ထားပြီး ...ရှိဝေ့ဗ် ...းသော ...VSAT ...ဂြိုဟ်တု ...အသုံးပြု ...ကြောင်း။ ...မှု ကိစ္စ ...င်း ၃၄

အခြေအနေတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံများနှင့် နယ်စပ်ဖြတ်ကျော် ဆက်သွယ်ရေးဆက်ကြောင်းများ တိုးချဲ့တည်ဆောက်ဖွင့်လှစ်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်၏ ICT လုပ်ငန်းများကလည်း အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်ကြောင်း။

၎င်း Infrastructure များ ပေါ်ကနေ ပြည်သူများအနေဖြင့် တယ်လီဖုန်းနှင့် ဖက်စ်ဆက်သွယ်မှုများအပြင် IP ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ADSL၊ IPIV ဝန်ဆောင်မှုလုပ်ငန်း သုံးမျိုးကို ဖိုင်ဘာ၊ Wireless၊ ဂြိုဟ်တု စသည့် ဆက်သွယ်ရေးမီဒီယာတစ်ခုခုပေါ်က တစ်ဆင့် တစ်ပေါင်းတည်းဝန်ဆောင်မှုပေးသော စနစ်ဖြစ်ကြောင်း၊ ၎င်း Tripple Play ဝန်ဆောင်မှုမှာပါဝင်သည့် Voip (Voice Over IP) တယ်လီဖုန်းစနစ်သည် ယနေ့ဖွင့်လှစ်လိုက်သော Soft Switch ပေါ်ကနေ ပေးပို့ဆက်သွယ်သွားမည်ဖြစ်ကြောင်း။

...တနာပုံ Web Portal နှင့် ...၏ ICT နည်းပညာ ဖွံ့ဖြိုး ...င့်တစ်ဆင့်ကို အောင်မြင်စွာ ...ည်ဖြစ်ကြောင်း၊ ICT ကဏ္ဍ ...ပညာရေး၊ စီးပွားရေး၊ လူမှုရေး ...တက်လာရေး၊ လူမှုစီးပွားရေး ...အထောက်အကူဖြစ်စေမည်။

အိတ်ချိန်းကြီးဖြစ်ကြောင်း၊ အမျိုးမျိုးသော အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများသည် ၎င်း IXP မှတစ်ဆင့် အပြန်အလှန် ဖြတ်သန်းဆက်သွယ်နိုင်ကြတော့မည် ဖြစ်ကြောင်း၊ ရတနာပုံ Web Portal ဆိုလျှင် နိုင်ငံတော်၌ ယခုမှ စတင်တည်ဆောက်သည့် ဝန်ဆောင်မှုလုပ်ငန်း အသစ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံတွင်းမှ ပညာဗဟုသုတ ရှာမှီးလိုသူများ၊ သတင်းအချက်အလက် ရယူလိုသူများ အပါအဝင် အင်တာနက် သုံးစွဲသူများအနေဖြင့် မိမိတို့ကြည့်ရှုလိုသော Website များကို နိုင်ငံခြား IP ကုမ္ပဏီများ၏ Search Engine များကို အသုံးပြုပြီး လိုက်လံရှာဖွေကြရသည့် အခြေအနေကနေ ယခုဆိုလျှင် မိမိနိုင်ငံ၏ ကိုယ်ပိုင် Search Engine ကိုအသုံးပြုပြီး မြန်မာဘာသာဖြင့်ပါ အသုံးပြုရှာဖွေနိုင်အောင် တည်ဆောက်ထားကြောင်း သိရကြောင်း၊ ထို့ကြောင့် ကျောင်းသား

ထို့ကြောင့် ယနေ့ဖွင့်လှစ်သည့် ရတနာပုံ IXP၊ ရတနာပုံ Web Portal နှင့် Tripple Play များသည် နိုင်ငံတော်၏ ICT နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ခရီးလမ်းကြောင်းတွင် အဆင့်တစ်ဆင့်ကို အောင်မြင်စွာ ဖြတ်သန်းနိုင်ခဲ့ခြင်းအဖြစ် သတ်မှတ်ရမည်ဖြစ်ကြောင်း၊ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကတစ်ဆင့် ပြည်သူများ၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ဘက်ပေါင်းစုံတွင် အဆင့်မြင့်တိုးတက် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားသည်။

ယင်းနောက် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်က ဆောင်ရွက်ခဲ့သည့် အင်တာနက်ဝန်ဆောင်မှုများအကြောင်းကို Video Clip ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီး ဦးသိန်းဇော်က ဖွင့်ပွဲအထိမ်းအမှတ် ရတနာပုံတယ်လီပို့ အဆောက်အအုံပုံစံငယ်ပန်းချီကားကို လက်ဆောင်အဖြစ် ဂါရဝပြု ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရတနာပုံဆိုင်ဘာခန်းမအတွင်း ခင်းကျင်းပြသထားသော ရတနာပုံ Web Portal ပြခန်းနှင့် FTTH ဝန်ဆောင်မှုလုပ်ငန်းရှင်များ၏ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး ရွှေသံလွင် မီဒီယာ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၈-၁၀-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၅	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅	၈။	အတီးပြိုင်ပွဲ
၈း၃၅	၉။	"မင်းလှ-မင်းဘူးရထားလမ်းပိုင်း ဖွင့်ပွဲ"
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပဒေသာ
၄း၂၀	၃။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄း၃၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (မြန်မာစာ၊ မြန်မာမှုပညာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ပထဝီဝင်အထူးပြုများ) (သမိုင်း)
၄း၅၀	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၆။	တေးဂီတအစီအစဉ်
၅း၁၅	၇။	မြန်မာစာ၊ မြန်မာစကား
၅း၃၀	၈။	မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၉။	ညနေခင်းသတင်း
၆း၁၅	၁၀။	မိုးလေဝသအခြေအနေ
၆း၂၀	၁၁။	ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာဆန်သူ. . . . ကိုယ့်ချစ်သူ" (အပိုင်း-၂၆)**
၇း၄၅	၁၃။	"ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် (ဒုတိယအကြိမ်)
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယတွဲ) (အပိုင်း-၃၅)**
	၁၉။	"သုခုမရင်ပြင်"
	၂၀။	အစီအစဉ်ပြီး၏။

နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား (၁၉)ကြိမ်မြောက် မျက်မမြင်လမ်းလျှောက်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၇

နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့(International White Cane Day) အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား (၁၉)ကြိမ်မြောက် မျက်မမြင်လမ်းလျှောက်ပွဲကို အောက်တိုဘာ ၁၅ ရက် နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ရှေ့၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း တက်ရောက် အားပေးချီးမြှင့်သည်။

အဆိုပါ မျက်မမြင်လမ်းလျှောက်ပွဲ၌ မြို့တော်ဝန်က ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ရှေ့ရှိ စင်မြင့်ထက်မှ သေနတ်ပစ်ဖောက်တာလွှတ်ပေးသည်။ မျက်မမြင်လမ်းလျှောက်ပွဲတွင် မြန်မာနိုင်ငံ ခရစ်ယာန်များ မျက်မမြင် မိတ်သဟာယ၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၊ စိန်မေရီမျက်မမြင် အလုပ်ရုံ၊ သဃ်န်းကျွန်း မသန်စွမ်း (မျက်မမြင်) လူမှုဖွံ့ဖြိုးရေးအသင်း၊ လှိုင်သာယာ စုပေါင်းအားမာန် မျက်မမြင်များအဖွဲ့ အလုပ်သင်ကျောင်း၊ ပြင်ဦးလွင် ပရဟိတမျက်မမြင် ပညာသင်ကျောင်း၊ မိတ္ထီလာ ရှေ့ဆောင်မျက်မမြင်ကျောင်း၊ စစ်ကိုင်းမျက်မမြင်ကျောင်း၊ မုံရွာ ရောင်ခြည်သစ် ပရဟိတမျက်မမြင်ပညာသင်ကျောင်း၊ မျက်မမြင်အကြောပြင်ပညာဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံ မျက်မမြင်ဆေးပညာရပ်ဆိုင်ရာ အကြောပြင် အနှိပ်ဆရာဖြစ်သင်တန်းတို့မှ မျက်မမြင်စုစုပေါင်း ၉၆၇ ဦးတို့သည် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ရှေ့မှ စတင်၍ ပြည်လမ်း၊ ဘုန်းကြီးလမ်းနှင့် မဟာဗန္ဓုလလမ်းတစ်လျှောက် မြို့တော်ခန်းမအထိ လမ်းလျှောက်ကြရာ မြို့တော်ဝန်နှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်တို့က လိုက်ပါလမ်းလျှောက်အားပေးကြသည်။

မျက်မမြင်များ လမ်းလျှောက်ရာလမ်းတစ်လျှောက်ရှိ ဒဂုံ၊ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်းနှင့် ကျောက်တံတားမြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးတို့မှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသော မျက်မမြင်များအား ကြိုဆိုအားပေးကြပြီး စားသောက်ဖွယ်ရာများ လှူဒါန်းကြသည်။

ထို့နောက် မျက်မမြင်လမ်းလျှောက်ပွဲ၌ ပါဝင်ဆင်နွှဲကြသည့် မျက်မမြင်ကျောင်းများနှင့် အလုပ်ရုံများအား ဂုဏ်ပြုသည့် အခမ်းအနားကို နံနက် ၈ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှိ ခန်းမကြီး၌ ကျင်းပရာ မြို့တော်ဝန်ကိုယ်စား တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးက ဂုဏ်ပြုအမှာစကားပြောကြား၍ လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် မျက်မမြင်ကျောင်းများနှင့် အလုပ်ရုံများအား ဂုဏ်ပြုဆုဖလားနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး မျက်မမြင်ကလေးများအား နေကာမျက်မှန်များ တပ်ဆင်လှူဒါန်းသည်။

ဆုချီးမြှင့်

ယင်းနောက် တာဝန်ရှိသူများက မြန်မာနိုင်ငံ မျက်မမြင်များအသင်းက ကျင်းပသော နဝမအကြိမ် မျက်မမြင်စစ်တုရင်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထဆုရရှိကြသည့် ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ)မှ မျက်မမြင်ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသော မျက်မမြင်ကျောင်းများနှင့် အလုပ်ရုံများကိုယ်စား လှိုင်သာယာ စုပေါင်းအားမာန် မျက်မမြင်များအဖွဲ့ အလုပ်သင်ကျောင်းမှ အင်္ဂလိပ်စာအထူးပြုနှင့် Social Work ဘွဲ့လွန်ဒီပလိုမာရရှိသူ ကိုဇော်လင်းထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မျက်မမြင်ကျောင်းများက ခေတ်ပေါ်တေးဂီတများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြပြီး အလှူရှင်များက အလှူငွေများကို ပေးအပ်ချီးမြှင့်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျက်မမြင်လမ်းလျှောက်ပြိုင်ပွဲ

နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား (၁၉)ကြိမ်မြောက် မျက်မမြင်လမ်းလျှောက်ပွဲ ကျင်းပစဉ်။

(မြို့တော်စည်ပင်)



အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး တံခွန်စိုက်ဒိုင်း မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၇

အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး တံခွန်စိုက်ဒိုင်း မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက် ညနေပိုင်းတွင် တပ်နယ်အားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသို့ တပ်မမှူး၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်မိသားစုဝင်များ တက်ရောက်ကြသည်။ ရှေးဦးစွာ အခမ်းအနား တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းနှစ်သင်း၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တတိယနှင့် ဒုတိယဆုရရှိသော အသင်းများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး ပထမရရှိသောအသင်းအား တပ်မမှူးက တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးသူရိန်ဇော် ဝန်ထမ်းအိမ်ရာများနှင့် စိုက်ခင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၇

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်သည် ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက် ခရေအိမ်ရာနှင့် သုခသိဒ္ဓိရပ်ကွက် ရွှေနှံ့သာအိမ်ရာတို့သို့ သွားရောက်၍ ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ သီးပင်၊ စားပင်၊ ပန်းအလှပင်များနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှု၊ ဝန်ထမ်းအိမ်ရာများ သန့်ရှင်းသာယာသပ်ရပ်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား အားပေးစကားပြောကြားကာ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော် ဝန်ထမ်းအိမ်ရာများ၌ ဝန်ထမ်းမိသားစုများ၏ သစ်ပင်စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံသာယာလှပရေးအတွက် မြက်ဖြတ်ခြင်း၊ မြေခင်းအလှပုံဖော်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး)ဦးလင်းထွဋ် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

YPGG ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၇

ယုဇနပလာဇာ ဂေါက်သီးရိုက်အသင်း (YPGG) ရန်ကုန်၏ (၁၇) ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်တိုဘာ ၃၁ ရက်(တနင်္ဂနွေနေ့) နံနက် ၆ နာရီခွဲတွင် ရဲမွန်ဂေါက်ကွင်း (လှည်းကူးမြို့နယ်)၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းသားတိုင်း ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံ ယူဆောင်ပြီး ပါဝင်ယှဉ်ပြိုင်ရန်နှင့် အသေးစိတ်သိရှိလိုပါက ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးကျော်ဝင်း ဖုန်း- ၀၉-၅၁၅၄၄၀၈နှင့် ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စက်ရေတွင်းများ၏ ကြံ့ခိုင်မှု၊ ရေထွက်နှုန်းများကို စဉ်ဆက်မပြတ် စစ်ဆေးပြုပြင်မွမ်းမံပေးလျက်ရှိရာ စက်တင်ဘာ ၃၀ ရက်က အမှုဆောင်အရာရှိ ဦးတင့်ဝေ တံစူးကျေးရွာ စက်ရေတွင်း ကြံ့ခိုင်မှုကို စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုး စက်တင်ဘာ ၂၉ ရက်က စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဆားတောင်ကျေးလက်ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စက်ရေတွင်းတူးဖော်မည့် မြေနေရာအား ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များစီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဂုဏ်ယူဝမ်းမြောက်ခြင်း

UNITED AMARA BANK (နေပြည်တော်)အား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

Saramanda

E-mail: mtpip@mptmail.net.mm

“ ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက် ”

... Shwe Ayer Nadi Ltd. ...

EI TOE BAGAE SAN

(IV-/၂၀၁၀)

... Shwe Ayer Nadi Ltd. ...

YE NOOS & ASSOCIATES (Law Firm)

ရတနာပုံ၊ ရန်ကုန်ယူနိုက်တက်နှင့် ဇေယျာရွှေမြေတို့ နိုင်ပွဲဆက် ပထမအကျော့ရှုံးကြွေးကို ပြန်ဆပ်ခဲ့သည့် Delta

ရန်ကုန် အောက်တိုဘာ ၁၇

၂၀၁၀ MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲ၏ ပွဲစဉ်(၁၉)ကို အောက်တိုဘာ ၁၆ ရက် ညနေက သုဝဏ္ဏကွင်း၊ ဗထူးကွင်းနှင့် မုံရွာကွင်းတို့၌ ကျင်းပရာ လက်ရှိချန်ပီယံ ရတနာပုံအသင်းက Southern Myanmar ကို တစ်ဂိုး- ဂိုးမရှိဖြင့် လည်းကောင်း၊ ရန်ကုန်ယူနိုက်တက်က မကွေး F.C ကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဇေယျာရွှေမြေက ဖွဲ့ကပင် ယူနိုက်တက်ကို လေးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အသီးသီး နိုင်ပွဲဆက်ခဲ့ကြသည်။

ဒုတိယအကျော့ ပွဲစဉ်(၁၉)ကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ Delta United အသင်းက မနောမြေအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

Delta United - လေးဂိုး

(တင်ဇော်မိုး၊ လှအေးထွေး၊ မင်းမင်းသူနှင့် စတန်လေ)

မနောမြေ - နှစ်ဂိုး

(အောင်မြင့်မြတ်-၂ နှင့် ဇော်ဇော်)

ပထမအကျော့တွေ့ဆုံစဉ်က မနောမြေအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သော Delta United အသင်းမှာ ယခု ဒုတိယအကျော့တွင် အနိုင်ပြန်ယူကာ ရှုံးကြွေးဆပ်နိုင်ခဲ့သည်။ Delta United အသင်းမှာ နိုင်ပွဲပြန်ရရေးအတွက် လူစုံထုတ်ကစားသွားပြီး ခြေစွမ်းပြ ကစားနိုင်မှုကြောင့် မနောမြေအသင်း ရှုံးပွဲဆက်ခဲ့ရခြင်းဖြစ်သည်။

ပွဲစကတည်းက မိုးမှာသည်းထန်စွာရွာသွန်းနေခဲ့ပြီး ပွဲချိန် ၁၄ မိနစ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ကွင်းထဲတွင် ရေများဝပ်နေသောကြောင့် ပွဲကို မိနစ် ၄၀ ခန့် ရပ်နားခဲ့ရသည်။ ပွဲပြန်အစတွင် Delta United အသင်း အချိတ်အဆက်မိမိဖြင့် ကစားသွားနိုင်ခဲ့ပြီး ၁၆ မိနစ်တွင် တောင်ပံကစားသမား တင်ဇော်မိုးက အဖွင့်ဂိုး စတင်သွင်းယူခဲ့သည်။ ဂိုးရပြီး နောက်ပိုင်းတွင် Delta တို့ ကစားပုံပိုကောင်းလာပြီး ၃၉ မိနစ်တွင် ကွင်းလယ်လူ လှအေးထွေးက Delta အတွက် ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။

ဒုတိယပိုင်းအစတွင် မနောမြေအသင်း ကစားကွက်ပြန်မိလာပြီး Delta ဘက်သို့ ထိုးဖောက်လာနိုင်ခဲ့သည်။ မိနစ် ၅၀ တွင် အောင်မြင့်မြတ်-၂ က ပထမ ချေပဂိုး၊ ၆၂ မိနစ်တွင် လက်ရွေးစင်ဟောင်း ဇော်ဇော်က ဒုတိယချေပဂိုးတို့ကို သွင်းယူခဲ့၍ နှစ်ဂိုးစီ သရေဖြစ်ကာပွဲမှာ အကြိတ်အနယ်ရှိလာသည်။ Delta အသင်းအတွက် အနိုင်ဂိုးများကို ၆၇ မိနစ်တွင် မင်းမင်းသူ၊ ၇၈ မိနစ်တွင် စတန်လေတို့က ထပ်မံသွင်းယူပေးခဲ့သည်။

ယနေ့ပွဲ(သုဝဏ္ဏကွင်း)

ဥဿာယူနိုက်တက် - နေပြည်တော်

(ကြေးမုံ)

Delta တိုက်စစ်မှူး စတန်လေ မနောမြေဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။ (ကြေးမုံ)

အားကစားမြှင့်တင်

စိတ်လန်းရွှင်

ဆန့်ကျင်မူးယစ်ဆေး

မြင်းခြံမြို့နယ်၌ မိုးကြိုးထိမှန်သဖြင့် မိသားစုသုံးဦး သေဆုံး

နေပြည်တော် အောက်တိုဘာ ၁၇

အောက်တိုဘာ ၁၄ ရက် ည ၈ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းစဉ် မြင်းခြံမြို့နယ် လှိုင်းတက်ကျေးရွာနှင့် အောင်ပြည်စိုးကျေးရွာအကြား ဧရာဝတီမြစ်ကမ်းနဖူးရှိ လူမနေသည့်တဲအတွင်း ဝင်ရောက်မိုးခိုသူ မိသားစုသုံးဦး မိုးကြိုးထိမှန်သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် အောက်တိုဘာ ၁၇

ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ငါးသိုင်းချောင်းမြို့နယ် တွင် ၄ ဒသမ ၅၃ လက်မ၊ ပဲခူးမြို့တွင် ၄ ဒသမ ၀၂ လက်မ၊ ဇောင်းတူမြို့တွင် ၂ ဒသမ ၉၀ လက်မ၊ ကြို့ပင်ကောက်မြို့တွင် ၂ ဒသမ ၅၆ လက်မ၊ အမ်းမြို့တွင် ၂ ဒသမ ၀၁ လက်မနှင့် ကျောက်ဆည်မြို့တွင် ၁ ဒသမ ၃၀ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

အောက်တိုဘာ ၁၈ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သောမိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	၃၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ်(၈၉ ဒီဂရီဖာရင်ဟိုက်)	၁၆-၁၀-၂၀၁၀
အနိမ့်ဆုံးအပူချိန်	၂၃ ဒသမ ၅ ဒီဂရီစင်တီဂရိတ်(၇၄ဒီဂရီဖာရင်ဟိုက်)	၁၇-၁၀-၂၀၁၀
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ	၉၄ ရာခိုင်နှုန်း	၁၇-၁၀-၂၀၁၀
မိုးရေချိန်	မရှိပါ	၁၇-၁၀-၂၀၁၀

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့သဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပုသိမ်-ငပုတော ကတ္တရာလမ်းမကြီး စတင်ဖောက်လုပ်နေပြီး တံတားကြီးများဆောက်လုပ်ရန် မြေများစမ်းသပ်နေပြီဟူသော သတင်းကို ကြားသိရသဖြင့် စာရေးသူသည် ပုသိမ်မြို့သို့ သွားရောက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လက်တွေ့အကောင်အထည်ဖော်နေသော လုပ်ငန်းခွင်ကို လေ့လာခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်း ၂၆ မြို့နယ်ရှိသည့်အနက် ငပုတောမြို့နယ်မှအပ ကျန်မြို့နယ်အားလုံးသို့ မော်တော်ကားနှင့် ဆက်သွယ်သွားလာနိုင်သော်လည်း ငပုတောမြို့နယ်မှာ ရေလမ်းခရီးဖြင့်သာ ဆက်သွယ်သွားလာနိုင်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက ပုသိမ်-ငပုတော ကားလမ်းအား လမ်းကွန်ရက် အမှတ်(၁၁)အဖြစ် သတ်မှတ်ပေးပြီး အမြန်ဖောက်လုပ်ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ကြောင်းသိရှိရသည်။

ထို့ကြောင့် ပုသိမ်-ငပုတော လမ်းမိုင်အရှည် ၂၁ မိုင်အား ကတ္တရာလမ်း အဆင့်တိုးမြှင့်ဆောင်ရွက်ခြင်းလုပ်ငန်းကို ၁၇-၈-၂၀၁၀ ရက်မှစ၍ ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီး ဦးကျော်ကျော် ဦးဆောင်၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။ ပုသိမ်-ငပုတော လမ်းမတိုင်မီ နောက်ဆုံးဆောင်ရွက်ခဲ့သောလမ်းမှာ ကွန်ရက်လမ်းသွယ် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၁၇

ယနေ့ ညနေ ၄ နာရီ ၄၆ မိနစ် ၃၇ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၃၇၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အိန္ဒိယနိုင်ငံ ကပ္ပလီကျွန်း)ကို ဗဟိုပြု၍ အင်အား ရစ်(ခ်)တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၇ - ၁၀ - ၂၀၁၀

ငါးသိုင်းချောင်း	၄ ဒသမ ၅၃ လက်မ
ပဲခူး	၄ ဒသမ ၀၂ လက်မ
ဇောင်းတူ	၃ ဒသမ ၉၀ လက်မ
အမ်း	၂ ဒသမ ၀၁ လက်မ